ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-5-2009) (ဒေါ်၁)

**စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂) စက္ကူစက်ရုံ တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံ-ကိုရီးယား ဆွေးနွေးပက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည်

နေပြည်တော် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မကြာမီ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ်ကျင်းပမည့် နှစ်နိုင်ငံခွင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)





# စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး ကိုက်ညီစေရေးအတွက် စက်များ ပွမ်းအားပြည့်လည်ပတ်လုပ်သားများကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အပြည်ပြည့်ဝံ့နေစေရေး စီမံဆောင်ရွက်ကုန်ကြမ်းပြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပိုင်စိုက်ခင်းများတွင် သစ်နှင့်ဝါးများကို အကွက်ချစိုက်ပျိုး

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးမှာကြား

နေပြည်တော် မေ ၂၄

**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး၌ တည်ဆောက်ပြီးစီးသွားသည့် တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါစက်ရုံ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ အဓိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးအဖွဲ့ဝင်များ၊ အဓိုးရအဖွဲ့နှုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ပဲခူးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေနီအမှတ်(၂) စက္ကူစက်ရုံ တန်(၅၀) သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားကို စက်ရုံမှခံဦးရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

### နိုင်ငံရေး ဦးစားပေးချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား မြန်လည်စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးစားပေးချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးစားပေးချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြွရှင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၃-၅-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

# သစ်တောသစ်ပင် သဘာဝ ပတ်ဝန်းကျင် နှစ်စဉ်တိုးချဲ့စိုက်ပျိုး နိုင်ငံ့စီးပွားဖွံ့ဖြိုး

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများအားလုံး ရှင်သန်ရပ်တည်ရေးတွင် အကျိုးပြုနေသည်။ သစ်ပင်၊ ပါးပင် သစ်တောများ ပြန်းတီးလာလျှင် ရာသီဥတုဖောက်ပြန်ပျက်ယွင်းမှု ဖြစ်ပေါ်လာတတ်သည်။ မြေဆီဩဇာခန်းခြောက်ခြင်း၊ မြစ်ချောင်းများရေလှဲခြင်း၊ သဲကန္တာရများဖြစ်ပေါ်လာခြင်းတို့သည် သစ်တောသစ်ပင်များ ပြန်းတီးလာသဖြင့် ရာသီဥတုမမျှမတဖြစ်ပေါ်လာခြင်း၏ အကျိုးဆက်များပင် ဖြစ်သည်။

ယင်းအကျိုးဆက်ဖြစ်ပေါ်မှုများကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြသည်။ နိုင်ငံအများအပြားတွင် သစ်ပင်များ တိုးချဲ့စိုက်ပျိုးနေကြသည်။ သစ်တောများ ပြန်လည်ဖြစ်ထွန်းလာရေး ကြိုးပမ်းလျက်ရှိသည်။ သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်း တိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနေကြသည်။

**"ဥတုရာသီ တောကိုမှီ၏၊ တောတောင်စိမ်းမှ စမ်းရေရှိ၏"၊ "သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ"** ဟူသည့် သစ်တောရေးရာ ဆောင်ပုဒ်များသည် ရာသီဥတုကို ပြုပြင်ထိန်းသိမ်းရာတွင် သစ်တောသစ်ပင်များ၏ အကျိုးသက်ရောက်မှုကို ဖော်ညွှန်းပြသနေပေသည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြီးပိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့် အညီ ထိန်းသိမ်းဆောင်ရွက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် ရေဝေရေလဲသစ်တောများ၊ သဘာဝနယ်မြေများ၊ ကျွန်းအထူးစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းထူထောင်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ ပဲခူးရိုးမသည် ကျွန်းသစ်ပေါက်ရောက် ဖြစ်ထွန်းရာဒေသဖြစ်သဖြင့် ပဲခူးရိုးမ ထာဝစဉ်စိမ်းလန်းစိုပြည်စေရေး သစ်တောစိုက်ခင်းများကို ထူထောင်ထိန်းသိမ်းလျက်ရှိသည်။ ဒေသခံပြည်သူများ ကျွန်းနှင့်သစ်မာပင်များ စိုက်ပျိုးရေး၊ ကျေးရွာအလိုက်သစ်ပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကို ဖြန့်ဝေပေးလျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုအပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိသည်။ သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများအားလုံးက သစ်တောသစ်ပင်များကို နှစ်စဉ်တိုးချဲ့စိုက်ပျိုး ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ရာသီဥတုညီညွတ်မှုတည်ဖြိုး သဘာဝ ပတ်ဝန်းကျင် ထာဝစဉ် စိမ်းလန်းစိုပြည်လှပနေမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘာထ်ဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘာထ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးအဖြစ် ခန့်အင်ခြင်းခံရသော မစ္စတာဆိုမာနာဟာလီမာလိုင်အာခရစ်ရှနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ကျောင်းအပ်ချိန်

**ရင်ဝယ်ချမ်းမြဲ၊ သမီးလှနှင့်**
**သားလှရတနာ၊ မေ့သည်းချာကို**
**ပညာအမွေ၊ ပေးနိုင်စေဖို့**
**လာလေသွားစို့၊ ကျောင်းအပ်ဖို့လျှင်**
**ကြိုလို့ပြင်ဆင်၊ ဖျော်ဖျော်ရွှင်ပျော်**
**ရင်ကော့ခေါင်းမော့၊ ခပ်ကြော့ကြော့နှင့်**
**သော့သော့လျင်လျင်၊ ကျောင်းသို့ဝင်ဗြို့**
**မိခင်ပြုံးနိုင်လွန်းတကား။ ။**

ပန်းတောင်းသန်းကြွယ်

## စွမ်းအင်ဝန်ကြီး ပိုလ်မှူးချုပ်လွန်းသီအား ဗီယက်နမ် သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၂၆**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung ဦးဆောင်သော Vietnam's General Corporation of Coal and Mines မှ ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### လာရောက်တွေ့ဆုံ

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သော Vietnam's General Corporation of Coal and Mines မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံပြီး** (သတင်းစဉ်)

## စိုက်စရိတ်နှင့် သွင်းအားစုပုံပိုးပစ္စည်းများ စတုတ္ထအကြိမ်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်စိုင်းသိန်းသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်း ခရုဖြူမြို့သို့ရောက်ရှိပြီး ခရုဖြူမြို့နယ် ဆန်စပါးအထူးပြုကုမ္ပဏီဖြစ်သော ကဥနကျွန်းသာ ကုမ္ပဏီလိမ်တက်က တောင်သူလယ်သမားများအား စိုက်ရိတ်နှင့် သွင်းအားစုပုံပိုးပစ္စည်းများ စတုတ္ထအကြိမ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေဦးစွာ ကဥနကျွန်းသာကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ကုမ္ပဏီအဖွဲ့စည်းဆောင်ရွက်မှုနှင့် တောင်သူလယ်သမားများသို့ စိုက်စရိတ်နှင့် စပါးမျိုး၊ ဓာတ်မြေဩဇာနှင့် စက်သုံးဆီပုံပိုးပစ္စည်းဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူတစ်ဦးက သိလိုသည်များကို မေးမြန်းသည်။

ထို့နောက် ကဥနကျွန်းသာကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ခရုဖြူမြို့ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကဥနကျွန်းသာကုမ္ပဏီက ခရုဖြူမြို့နယ် ကျောင်းစုတိုက်နယ်၊ အကျော်တိုက်နယ်၊ စံတင်းတိုက်နယ်၊ ဆကာကြီးတိုက်နယ် တို့မှ တောင်သူလယ်သမား ၁၀၉ဦးခန့်တို့အား စိုက်ပျိုးစရိတ်ငွေ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## ဥတုရာသီ တောကိုမှီ၏

## ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၆**

၂၀၀၉ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး အတွက် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေး ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လုပ်မှုကြိုးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် လူဦးရေဆိုင်ရာလုပ်ငန်းများနှင့် ဆက်နွယ်သောဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဆယ်ကော်မတီများကို ဖွဲ့စည်း၍ သက်ဆိုင်ရာဆယ်ကော်မတီအလိုက် ဆယ်ကော်မတီဝင်များက ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်က ၂၀၀၉ခုနှစ် ဇူလိုင် ၁၁ရက်တွင်ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်၊ (သတင်းစဉ်)

မိမိတို့ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်လျာထားချက်များကို အကြိုပြဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပသွားမည် ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ လူဦးရေနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ " Protecting marginalized populations from the global economic crisis" "ကမ္ဘာ့စီးပွား အခက်ကာလ၊ မျိုးဆက်သွား ကျန်းမာရေး အလေးထားကြ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပြည်သူများအနေဖြင့် ပွဲ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုအသီးအပွင့်များကို သိရှိခံစားနေရသည့် အားလျော်စွာ ပွဲ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ရပ်တန့်ပျက်စီးမသွားစေရေး အထူးသတိပြုထိန်းသိမ်းကာကွယ်

နေပြည်တော် ၊ မေ ၂၆

**စစ်တိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ယမန်နေ့ နံနက် စနာရီတွင် ပုံရွာဖြို့ ဖြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။**

**စစ်တိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ပုံရွာဖြို့ပေါ်ရှိ ကျောင်းများအတွက် ကျောင်းသုံးဗဟိုစာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုံရွာဖြို့ပေါ်ရှိ ရုံးကြီးရုံးကွက်၊ ဘုရားကြီးရပ်ကွက်၊ အလယ်ရပ်၊ ဆူးလေတုန်း၊ ဒေါ်နဲခြံ၊ ချမ်းမြသာညီ၊ လယ်တီ၊ ရတနာပုံ၊ ဘုန်းစိုး၊ အောင်မင်္ဂလာ၊ အေးသာယာ၊ ရန်ကင်း၊ မြဝတီ၊ သလွှာ၊ ထန်းတော၊ ကွေကြီး၊ အောင်ချမ်းသာ၊ မုံရွာတောင်၊ နတ်လှထိပ်ပွန်၊ နန္ဒဝန်း၊ ဖြို့သစ်၊ အိုးဘို တောင်၊ အလုံ၊ စစ်ပင်၊ စက်မှုဇုန်စသည့် ရပ်ကွက် ၂၅ရပ်ကွက်တို့မှ ဒေသခံပြည်သူ ၂၃၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာဖြို့ပေါ်ရှိ ရပ်ကွက်ပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး အမှာစကားပြောကြားကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိကြောင်း၊ ထို့အတူ မိမိတို့ စစ်တိုင်းတိုင်းအတွင်း တိုးတက်အောင်မြင်နေမှုများကို ဒေသခံပြည်သူများ မျက်မြင်တွေ့ရှိ ခံစားနေကြရပြီဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်တည်တံ့အောင်မြင်အောင် ဒေသခံပြည်သူများအားလုံးက အပြုသဘောဆောင်သော အကောင်းမြင်စိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ထက်သန်သည့် လိုလားချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေ၏ အရိပ်အောက်တွင် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတူသည့် အခြေခံအချက်(၃)ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို လက်တွေ့သိရှိခံစားနေရသည့် အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ရပ်တန့်ပျက်စီးမသွားစေရေး အထူးသတိပြုထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အထူးသဖြင့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အတိတ်သမိုင်းများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ပွဲ့ဖြိုးတိုးတက်နေမှုများကို လေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပွဲ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေများကို လေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပွဲ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေများကို ဖန်တီးဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက မုံရွာဖြို့ပေါ်ရှိ ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ငွေများ၊ ကျောင်းသုံးစာအုပ်များ၊ ရွှေဝါရောင်လမ်း ကတ္တရာလမ်းခင်းရန် အတွက် မတည်ငွေကျပ် ၁၀သိန်း၊ ပုံရွာအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆရာကန်တော့ပွဲအတွက် ငွေကျပ် ငါးသိန်းနှင့် မုံရွာဖြို့ပေါ်ရှိ ကျောင်းများအတွက် ကျောင်းသုံး ဖတ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံလှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မုံရွာဖြို့ပေါ် ရပ်ကွက်အသီးသီးမှ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ဒေသခံပြည်သူများအား အမှာစကားပြောကြား

**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံရွာဖြို့ ဖြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုံရွာဖြို့ပေါ်ရှိ ရပ်တွက် ၂၅ရပ်တွက်တို့မှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၆း၂၅ ၂။ ကျန်းမာဖွံ့ဖြိုးတူကစားစို့

၆း၃၀ ၃။ နံနက်ခင်းသတင်း

၆း၄၀ ၄။ မြန်မြန်ကြွက်ယဉ်ကျေးမှုအကဲ

၆း၅၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကေ့လက်ထုတ်ကုန်များ

၈း၀၅ ၆။ တေးဂီတအစီအစဉ်

၈း၁၅ ၇။ **"ရွှေနှောင်းကျောင်းဓောက်ပြီ" (ကြည်ဝိုင်းထူးသာ၊ချောနုဝင်း။**

**ကျော်မေဓာမွန်း(ယွန်းငုံဖူး) [ဒါရိုက်တာ-ဦးဝင်းဇော် (ကေသီမန်)]**

၈း၃၀ ၈။ International News

၈း၄၅ ၉။ အတိုးပြိုင်ပွဲ

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ဆီတေး၊ စစ်သည်တေး

၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားမိုးရာ တေးသံသာ

၄း၂၅ ၃။ အကပြိုင်ပွဲ

၄း၂၀ ၄။ သီချင်းကြီးဒေသာ

၄း၃၀ ၅။ "စက်နှင့်စက်ကိုရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြင်)"

၄း၅၀ ၆။ တေးဂီတအစီအစဉ်

၅း၀၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးမှုပြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅း၃၅ ၈။ မိုးခုစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅း၄၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်

၅း၃၀ ၁၀။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုးဌက်ဇော်ကြော်၊ မြတ်တေသီအောင်၊ နှင်းဝတီရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**

၅း၄၅ ၁၁။ ရွှေဖွယ်စုံလင်အာဆီယံအစီအစဉ်

၅း၅၅ ၁၂။ စုပေါတေးသံရှင်ရွှေချယ်ပွဲ (အပိုင်း-၅)

၆း၀၀ ၁၃။ ညနေခင်းသတင်း

၆း၃၀ ၁၄။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၅။ မြန်မာ့လေ့ဓိုးရာလက်ဝှေ့

၆း၅၀ ၁၆။ တေးဂီတအစီအစဉ်

၇း၀၀ ၁၇။ ထက်မြက်ပေ့ာ်ရွှင် အိမ်ထောင်ရှင်

၇း၂၅ ၁၈။ ရသပေါ်လွင် သရဖ်ဆောင် လွှင်ပြင်

၈း၀၀ ၁၉။ ပြည်ထောင်သတင်း ၂၀။ နိုင်ငံတကာသတင်းများ ၂၁။ မိုးလေဝသအခြေအနေ

၂၂။ **မြန်မာဒီဒီယိုဇာတ်လမ်း "ကြိုးရင်မို့ ငယ်ရင်၌" (လွင်ဦးထွန်းထွန်း၊ အိရွှဲကျော်ဝင်း) (ဒါရိုက်တာ-ကျော်ဇောလင်း)**

၂၃။ အစီအစဉ်ပြီး၏။

အတိတ်သမိုင်းများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်လျက် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံး ပွဲ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လေ့လာပြီး အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပွဲ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန် မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေများကို ရရှိအောင် ဖန်းစားဆင်ခြင် ဆောင်ရွက်...

## နိုင်ငံတကာသတင်းမှတ်စု

### အရှေ့အလယ်ပိုင်း ညီလာခံကျင်းပရေး ဆီးရီးယား-ဂျွန်း ဆွေးနွေး

အရှေ့အလယ်ပိုင်းပြဿနာအပေါ် နိုင်ငံတကာညီလာခံ ကျင်းပရန် မော်စကို၏ အစီအစဉ်အား ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် ဒမတ်စကတ်သို့ အလည်အပတ်ရောက်ရှိနေသော ဂျွန်းနိုင်ငံခြားရေးနှင်ကြီး ဆာဂျီလက်ဇရောင်တို့သည် တနင်္ဂနွေနေ့တွင် ဆွေးနွေးကြကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

### အင်ဒိုနီးရှား စစ်အသုံးစရိတ် တိုးမြှင့်စေလို

စစ်အသုံးစရိတ်၏ အနိမ့်ဆုံးလိုအပ်ချက်ကို ပြည့်မီစေရန်စစ်ဘက်အတွက် ခွဲဝေပေးသော ရန်ပုံငွေကို တိုးမြှင့်ပေးရမည်ဟု အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်းယူဒိုယိုနို၏ တနလာနေ့တွင် ပြောကြားလိုက်သည်။

### ကူဝိတ်ဓာတ်ဆီ ဘင်္ဂလားဒေ့ရှ် ဝယ်မည်

ကူဝိတ်နိုင်ငံမှ ဓာတ်ဆီတန်ခိုချိန် စုစုပေါင်း ၁ ဒသမ ၇၅ သန်းတင်သွင်းရန် အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့က တနင်္ဂနွေနေ့တွင် အတည်ပြုပေးကြောင်း၊ စာချုပ်သစ်အရ လာမည့် ၂၁ လအတွင်း အပြီးတင်သွင်းမှာဖြစ်ကြောင်း ပဂ္ဂလိကပိုင် သတင်းဌာန ယူအင်နီဘီက ဖော်ပြသည်။

### ကိုလံဘီယာတွင် ကိုကင်း ၅၈၂ ကီလို ဖမ်းမိ

ကိုလံဘီယာမြောက်ပိုင်း ဆီရာပြည်နယ်တွင် ဗင်ကားတစ်စီးပေါ်၌ ဟင်းသီးဟင်းရွက်နှင့် အသီးများအကြား ၀့က်၍ သယ်လာသော အဆင့်မြင့်သန့်စင်ပြီး ကိုကင်း ၅၈၂ ကီလို၊ကို စနေနေ့တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

### ကမ္ဘောဒီးယားတွင် သွေးလွန်တုပ်ကွေးလူနာ တိုးလာ

ကမ္ဘောဒီးယားနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ခံစားနေရသော လူနာအရေအတွက်သည် မေလမတိုင်မီ၌ ၁၅၀ ခန့် ရှိနေပြီး ယမန်နှစ် အလားတူအချိန်တွင် ၀၀ခုနာသည် ၉၆၀ ကျော်ရှိရာ ၅၀ ရာခိုင်နှုန်းနီးပါး တိုးလာသည်ဟု ကော်မာရွယ်နယူးရ်စ်)သတင်းဌာနက တနလာနေ့တွင် ဖော်ပြသည်။

### ပြင်သစ်မြို့တော်ဝန်ဟောင်း ကိုယ့်ကိုယ်ကိုယ် သတ်သေ

မသမာမှုများကျူးလွန်သည်ဟု စွပ်စွဲခွဲချက်များဖြင့် တရားရုံးတွင် ရင်ဆိုင်နေရသော ပြင်သစ်မြို့တော်ဝန် လက်ရှိအာဏာရယူအမ်ပီပါတီအဖွဲ့ဝင် အသက် (၆၂) နှစ်ရှိ ဂျေက္ကျူဘောင်လီသည် အကျည်းထောင်၌ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

### အိုမန်လေယာဉ် ပုံးခွဲရန်ခြိမ်းခြောက်ခံရ

အိုမန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စီးသည် တနလာနေ့က မက်(စ်)ကတ်မှ အိန္ဒိယနိုင်ငံတောင်ပိုင်း ချင်းနိုင်သို့ ပျံသန်းလာစဉ် လေယာဉ်ဝန်ထမ်းတစ်ဦးက ဒုံးခွဲရန်ခြိမ်းခြောက်မှုရရှိကြောင်း သတင်းပို့၍ မွမ်ဘိုင်းနိုင်ငံတကာလေဆိပ်သို့ ပြောင်းလဲဆင်းသက်ခဲ့ရကြောင်း အိန္ဒိယသတင်းဌာနများက ဖော်ပြသည်။

### ကလေးငယ်ကို အသက်စွန့်၍ကယ်သူ

အမေရိကန်နိုင်ငံ ဒက်ထရွိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုတွင် တနင်္ဂနွေနေ့က အုတ်မြစ်ချရန် ကူးထားသည့် ရေပြည့်နေသောတွင်းထဲသို့ ခုနစ်နှစ်အရွယ်ကလေးတစ်ဦး ကျသွားရာ ၅၈နှစ်ရှိ အမျိုးသားတစ်ဦးက ဆင်းဆယ်ပေး၍ ကလေး အသက်ရှင်သော်လည်း သူကိုယ်တိုင်မှာမူ တွင်းထဲမှ မတက်နိုင်တော့သဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ဆယ်ယူပေးရသည်။ ဆေးရုံသို့ အမြန်ပို့သော်လည်း ဆေးရုံမှာပင်သေဆုံးသွားသည်။

### ဆိုမာလီတွင် အသေခံပုံးခွဲ၊ ခုနစ်ဦး သေဆုံး

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူတွင် တနင်္ဂနွေနေ့က အသေခံပုံးခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးသည်။ သဘောထားတင်းမာသော အစွန်းသုပ်နှစ်များက အစိုးရကို ထောက်ခံသောတပ်ဖွဲ့များအား ပစ်မှတ်ထား၍ ဆက်လက်တိုက်ခိုက်မည်ဟု သတိပေးထားသည်။

စုစည်းတင်ပြသူ - သန်းလွင်

**အိန္ဒိယနိုင်ငံက ၂၀၀၃ ခုနှစ်က အစ္စရေးနိုင်ငံမှ မှာယူထားသော လေကြောင်းရန် အချက်ပေးစနစ်ပါရှိသည့် အာဝစ်ရေဒါလေယာဉ် အိန္ဒိယနိုင်ငံ အနောက်ပိုင်းလေတပ်စခန်းသို့ မေ ၂၅ ရက်က ဆိုက်ရောက်လာသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**တာလီဘန်များ သိမ်းပိုက်ထားသည့် ဆွပ်တောင်ကြားဒေသသို့ ပါကစ္စတန် နိုင်ငံ အစိုးရတပ်ဖွဲ့ဝင်များ မေ ၂၄ ရက်က ဝင်ရောက်လာစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## တာလီဘန်စစ်သွေးကြွ ၁၁ ဦး လက်နက်ချ

**ကဘူး မေ ၂၆**

အာဖဂန်နစ္စတန်မြောက်ပိုင်း ဆက်လန်ပြည်နယ်တွင် တနလာနေ့က တာလီဘန်လက်နက်ကိုင် တိုက်ခိုက်ရေးသမား ၁၁ ဦးသည် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန်အလို့ငှာ လက်နက်ချခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မေ ၁၄ရက်က တာလီဘန်တပ်မှူး မူလာချိအက်ဒူလ်ဂျာဗာနှင့် တပည့် လက်နက်ကိုင် ၁၉ ဦးတို့သည် ဂိုလာဖစ်စကက်ဂျာဗာခရိုင်တွင် လက်နက်ချ၍ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်သို့ ပါဝင်ဆောင်ရွက်ကြပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကိုလည်း ပြည်နယ်အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

အာဖဂန်နှင့် နိုင်ငံတကာတပ်ဖွဲ့များကို တိုက်ခိုက်လျက်ရှိသော တာလီဘန်စစ်သွေးကြွများက မည်သည့်သဘောထားမှတ်ချက်ကိုမျှ မပေးခဲ့ကြချေ။

***အင်တာနက်။***

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ပြင်တစ်နေရာတွင် ကားဗုံးပေါက်ကွဲထားသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## A/H1N1 ပိုင်းရပ်စ်ရိုသို့ တစ်ဘဂျီးတည်းသွားသူ သုံးဦးကို ကမ္ဘောဒီးယားတွင် တွေ့ရှိ

**ဖန်နမ်ပင် မေ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ၌ A/H1N1 ပိုင်းရပ်စ်ရိုသူ အမျိုးသမီးတစ်ဦးနှင့်အတူ မကြာသေးမီက လေယာဉ်တစ်စီးတည်းတွင် လိုက်ပါလာသူ ခရီးသည်သုံးဦးကို ကမ္ဘောဒီးယားကျန်းမာရေးဌာန တာဝန်ရှိသူများက တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဌာနက စနေနေ့တွင် ပြောကြားသည်။

ထိုးတို့သုံးဦးစလုံးသည် ကမ္ဘောဒီးယားလူမျိုး အမေရိကန်နိုင်ငံသားများ ဖြစ်ကြသည်။ ထိုးတို့အနက် အမျိုးသားတစ်ဦးမှာ ယခုအချိန်၌ ဘတ်တမ်ဘမ်းပြည်နယ်၌ နေထိုင်လျက်ရှိပြီး ကျန်နှစ်ဦးမှာ သားအဖ ဖြစ်သည်။ ထိုးတို့သည် ကမ်ပေါ့ပြည်နယ်၌ နေထိုင်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဆော့ခ်တော့ချ်က ပြောကြားသည်။

A/H1N1 ပိုင်းရပ်စ် ရှိ၊ မရှိ စမ်းသပ်ရန် ထိုးတို့၏ သွေးနမူနာများကို ထုတ်ယူပြီး ဖန္နမ်းပင်မြို့ရှိ ပတ်စ်တာဇာတ်ခွဲခန်းသို့ ပို့ဆောင်ထားကြောင်း စမ်းသပ်ချက်ရလဒ်ကို မေ ၂၃ ရက်တွင် ရရှိမည်ဖြစ်ကြောင်း၊ ထိုးတို့သုံးဦးစလုံးမှာ ယခုအချိန်အထိ တုပ်ကွေးလက္ခဏာ မတွေ့ဘဲ ကျန်းမာရေးမှာ ပုံမှန်ရှိကြောင်း တော့ချ်က သတင်းထောက်များကို ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနက ထိုးတို့ကို သီးခြားခွဲ၍ထားသည့် အရေးယူမှုကို မပြုလုပ်သော်လည်း ထိုးတို့ကို သီးသန့်နေထိုင်စားသောက်ရန်နှင့် ဆွေမျိုးများဆီသို့ လည်းကောင်း၊ လူသွားလူလာများသည့် နေရာများသို့လည်းကောင်း ရက်သတ္တပတ်အတွင်း မသွားရောက်ရန် မှာကြားထားသည်ဟု ဆော့ခ်တော့ချ်က ပြောကြားသည်။

***အင်တာနက်။***

**ဖလော်ရီဒါပြည်နယ် အက်ဒဝပ်လေတပ် အခြေစိုက်စခန်းသို့ အာကာသယာဉ်မှူးယာဉ် ပြန်လည် ဆင်းသက်လာသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ပါကစ္စတန်တပ်ဖွဲ့ ဆွပ်တောင်ကြားသို့ ချီတက်

**ပါကစ္စတန် မေ ၂၆**

ပါကစ္စတန်တပ်ဖွဲ့များသည် ဆွပ်တောင်ကြားရှိ တာလီဘန်စစ်သွေးကြွများအား ချေမှုန်းရန်၊ ထိုးတို့၏ တပ်များကို စုစည်းအားဖြည့်လျက်ရှိသည်။ ထို့ပြင် မင်ဂိုရာဒေသရှိ အချက်အချာကျသော နေရာများကိုလည်း ထိန်းချုပ်နိုင်ခဲ့သည်။

ထိုးဒေသရှိ အဓိကလမ်းဆုံ ငါးခု ရှိသည့်အနက် သုံးခုကို သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း ဗိုလ်ချုပ်အေဘာအက်ဘတ်ဂ က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဖြိုခဲမသက်ဖြစ်နေသော တောင်ကြား ဒေသများတွင် ဆင်ခွဲခဲ့သော တိုက်ပွဲအတွင်း စစ်သွေးကြွ ၁၀ ဦးထက်မနည်း ခွဲမခန်းပြီး အခြား ၁၂ ဦးကျော်ကို လည်း လက်ရဖမ်းဆီးမိကြောင်း ထိုးက ထပ်မံပြောကြားသည်။

မင်ဂိုရာဒေသ စစ်မြေပြင်စစ်ဆင်ရေးသည် ဆူပူသောင်းကျန်းနေသော စစ်သွေးကြွများ ပြိုကွဲပျက်စီးအောင် စစ်တပ်က အပြင်းအထန် နှိမ်နင်းခဲ့ရသည့် အပြင်းထန်ဆုံး စစ်ဆင်ရေးပင်ဖြစ်သည်ဟု ဆိုသည်။

ဖြိုခွဲရှိ နေအိမ်များထဲတွင် ပိတ်မိနေသော အရပ်သား ၂၀၀၀၀ ကျော် ထိခိုက်သေကျေမည်ကို မလိုလားသောကြောင့် ထိုစစ်ဆင်ရေးသည် ဖြည်းဖြည်းချင်းဆင်ခွဲယူရမည့် စစ်ဆင်ရေးပင်ဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

ယခုတိုက်ပွဲများအတွင်း စစ်သွေးကြွ ၁၂၀ကျော်သေဖြီး အရပ်သား ၅၀သန်း နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ဒုက္ခရောက်ကြသည်။

ဆွပ်တောင်ကြားသည် ဖြို့တော်အစွလာမွာဘတ်မှ ပိုင် ၁၀၀ ခန့် အကွာတွင် ရှိသည့် စစ်ဖျူဟာအရ အရေးပါသော ဒေသတစ်ခုဖြစ်သည်။

***အစ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်တပ်ဖွဲ့ နှင့် တာလီဘန် တိုက်ပွဲပြုပြင်၊ လေးဦးသေဆုံး

**ကဘူး မေ ၂၆**

အာဖဂန် လုံခြုံရေးတပ်ဖွဲ့များနှင့် တာလီဘန်သောင်းကျန်းသူတို့ အကြား တိုက်ပွဲဖြစ်ရာ အာဖဂန်အမျိုးသားကြည်း တပ်(အေအင်နဲအေ)မှ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် သောင်းကျန်းသူနစ်ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် ကြေညာချက် ထုတ်ပြန်သည်။

စင်ထရယ်ဝါဒတ်ပြည်နယ် အလယ်ပိုင်း ချာကာတိုခရိုင်တွင် မေ ၂၁ ရက်က အာဖဂန်ယာဉ်တန်း၏ အနီးတွင် မော်တာကျည် ကျရောက်ပေါက်ကွဲရာ အေအင်နဲအေတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**သိမ်းဆည်းရမိ**

ကြေညာချက်အရ အေအင်နဲအေ တပ်ဖွဲ့ဝင်တစ်ဦးသည် မေ ၂၁ ရက်က ဘတ်စ်ပြည်နယ် အနောက်မြောက်ပိုင်း ဘာလာ မာဂတ်ခရိုင်တွင် စစ်သွေးကြွများနှင့် တိုက်ပွဲအတွင်း သေဆုံးကြောင်း သိရသည်။

ဖြို့တော်ကဘူး၏ မြောက်ဘက် ကီလိုမီတာ ၇၀ အကွာရှိ ကာဗီဆာပြည်နယ်တွင် လက်နက်ကိုင် တာလီဘန်တစ်ဦး၊ ပတ်ကီကာပြည်နယ် အရှေ့ပိုင်းတွင် တစ်ဦး သေဆုံးကြောင်း၊ အေကေ ၄၇ မော်ငြမ်းရိုင်ဖယ်နှင့် ဆက်သွယ်ရေးပစ္စည်းများကို သိမ်းဆည်းရမိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

***အင်တာနက်။***

(27-5)04.pmd 1 5/27/2009, 4:01 AM

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် ညောင်ဦးမြို့ လောတန္နာစွယ်တော်မြတ် ဘုရားရင်ပြင်တော်အောက်ခြေ၌ မြေထိန်းနံရံများ တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဧရာဝတီမြစ်ရေ တိုက်စားမှုမှ ကာကွယ်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရေနံချောင်းမြို့နယ် ရန်ကုန်- မြည်-မန္တလေးလမ်း ပင်းခြောင်း ဘေလီတံတား အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တံတားအစိတ်အပိုင်းများအား စစ်ဆေးပြုပြင် အစားထိုးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီး ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက တံတားဆိုင်ရာ အချက်အလက်များနှင့် ဘိုးပိုင်များ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံး ပြီးစီးအောင် တည်ဆောက်နိုင်ရေး မှာကြားခဲ့ကာ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့သို့ ရောက်ရှိပြီး ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်းကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကိုးပင်ဒေသရှိ ပြည်သာယာ စိုက်ပျိုးရေးကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က စိုက်ပျိုးမြေ ဖော်ထုတ်ရှင်းလင်းမှုများကို တင်ပြကြပြီး တိုင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဒေသနှင့်ကိုက်ညီပြီး စေ့စုကွက်ရသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လမ်းပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို မှာကြား သည်။

ဆက်လက်၍ ပြည်-အောင်လံ-ဆတ်သွား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အောင်လံမြို့နယ် ပြွတ်ကျေးရွာအုပ်စု မြင်းပေါက်ကျေးရွာ တောင်သူ ဦးသောင်းရှိန်၏ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျေးရွာအုပ်စု ဥက္ကဋ္ဌအား ဇီဝဘက်ထရီနှင့် ဇီဝဘက်ထရီ ပြုလုပ်အသုံးပြုနည်း စာရွက်စာတမ်းများကို ပေးအပ်ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာအနီး ဒုရုဂ်ပိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ လျှပ်စစ်မြစ်ရေတင်စက်ခွဲကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး သည် ရန်ကုန်-ပြည်-မကွေး ကားလမ်း ပေါ်ရှိ ဘွက်ကြီးတံတားကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် အောင်လံမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ရောဂါ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး သည် ဆေးရုံ ဆေးဝေသာပင်အတွက် အလှူငွေများကို ဝေတ္တ ဆေးရုံအုပ်ထံ ပေးအပ်လျှါခဲ့ခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

## ကျွန်း၊ သစ်မာနှင့် ကျေးရွာပိုင် ယူကလစ်စိုက်ပျိုး

**ရန်ကုန် မေ ၂၆**

တစ်အိမ်ထောင်ကျွန်းသုံးပင်၊ တစ်အိမ်ထောင် သစ်မာ ယူကလစ်အပင် ၂၀ နှင့် ကျေးရွာပိုင် ယူကလစ်စိုက်ခင်း တစ်ခုကို အပင် ၅၄၀ စိုက်ပျိုးပွဲကို မေ ၂၅ ရက်တွင် မင်္ဂလာဒုံမြို့နယ် ခွေနီသာကျေးရွာအုပ်စု၊ ပုလဲ(၁)ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦး၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၅၀ ခန့် ပါဝင် စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

(သစ်တောရေးရာ)

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး အောင်လံမြို့နယ် ပျဉ်ပင်လှကျေးရွာအနီး ဒုရုဂ်ပိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား လားရှိုးမြို့၌ ကျင်းပ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်း ပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ပြည်နယ် မိခင်နှင့်ကလေး အဆောက် အအုံ၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက် ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြော ကြားသည်။

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား ဒေါက်တာမြင့်ကျော်က ၂၀၀၉ ခုနှစ်အတွင်း အသင်းများက ဆောင်ရွက် ရမည့် ကျန်းမာရေး လုပ်ငန်းစဉ်များနှင့် ကမ္ဘာ့လူဦးရေနေ့ ကာကွယ်ရေး အတွက် ပြည်နယ်နှင့် နယ်စပ်ဒေသ အတွင်း ကြိုတင်ပြင်ဆင်မှုများကို ရှင်း လင်းပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နန်းကိန်ဖောင်းတစ်ဂ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံက ချမှတ်သော ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရွေးလုပ်ငန်းစဉ် (၁၂)ရပ်ကို ဖတ်ကြားကာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၉ ခုနှစ် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ် စီမံချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာခင်နန်းသီဂ ၂၀၀၈ခုနှစ် ခရိုင်နှင့်မြို့နယ် အသင်းများ၏ အစီရင် ခံစာ ဇယားကွက်များ ပြည့်ဆည်ထား မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး တက်ရောက် လာကြသော ခရိုင်နှင့်မြို့နယ် အသင်း များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးများက ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ် လှုပ်ရှားမှု ထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် ခရိုင်လှုပ်ရှားမှု အကောင်းဆုံးဆုများ ကို ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ချီးမြှင့်ပြီး အာဟာရစိမ်ချက် ငံ မြို့နယ်များသို့ အာဟာရ ထောက်ပံ့ ငွေကျပ်တစ်သိန်းစီ ပေးအပ်၍ မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)က ပေးအပ်သော ရာသက် ပန်ကတ်နှင့် တံဆိပ်များကို ခရိုင်နှင့် မြို့နယ်အသင်းများသို့ ပေးအပ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် မေ ၂၆**

ကြိုးမဲ့ကမ္ဘာထဲတွင် ရပ်တည်နိုင်ရေး Wireless မြို့ပြအဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်မှုအပေါ် IT ပညာရှင်များ၏ သုံးသပ်ချက်များပါသည့် " Wireless မြို့ပြအဖွဲ့ အစည်းတစ်ခု ဖြစ်လာတော့မည်လား" မျက်နှာဖုံးသတင်းဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများက ပြောနေသော ပြည်တွင်း နိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၂၀) ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စုးစမ်း၏ "ဒုတိယအကောင်းဆုံးလောကနှင့် ရွှေကောက်ပွဲ သဘာဝ"၊ သုံးစွဲရန်မသင့် တိုင်းရင်းဆေးများ သတိထား၊ ရန်ကုန်မိုးအပြိုးနဲ့ရွာသလား၊ မိုးသည်းထန်မှုကြောင့် ရေလျှံမှု၊ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့၊ ဗထူးကွင်းနှင့် တောင်ကြီးကွင်းများ ကန်ဒေါ်လာ သန်းချီသုံးစွဲ၍ ပြည်တည်ဆောက် မည်၊ မြန်မာ့လေကြောင်းမှ လေယာဉ်သစ်များဖြင့် အစားထိုးပျံသန်းရန် စီစဉ်၊ မြန်မာ နိုင်ငံတွင် ပထမဆုံး ဂီတစာကြည့်တိုက်ကြီး ပေါ်လာတော့မည်၊ ဌေသုံးသောင်းတန် လက်စွပ်ကြောင့် လူနှစ်ဦး အသက်ဆုံးရှုံး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မူခင်းနှင့် အသိအမြင်"၊ "ပူပူနွေးနွေးမိခင် သရုပ်ဆောင် နန္ဒာသိုင်း၏ မိခင်မတ္တာခံစားမှု" ဖျော်ဖြေရေးသတင်းအပါအဝင် ကဏ္ဍာစုံလင်စွာဖြင့် ထွက်ရှိလာသည်။

စင်ကာပူသည် အရည်အချင်းရှိသူ နိုင်ငံခြားသားများအတွက် ဌာနေတစ်ခု ဖြစ်လာမည်၊ အိန္ဒိယအစိုးရသစ်အနေဖြင့် စီးပွားရေးအားစေ့ဆော်ရန် ပြည်တွင်း စေ့းကွက် အလေးထားရဖွယ်ရှိ၊ စက်ရုပ်ခြေတု တပ်ဆင်ထားသော ကလေးငယ်က ကမ္ဘာ့စံချိန်တင် မသန်စွမ်းသူများ အိုလံပစ်ချန်ပီယံနှင့် အပြေးပြိုင်မည်၊ အမျိုးသမီးများ၏ ခန္ဓာကိုယ်ခုခံအားစနစ်က အမျိုးသားများထက်ကောင်း၊ ဆရာဦးကျော်ဝင်း၏ "ဖရိုးဖော အလွန် သန်း ၂၀၀ အရေး" စီးပွားရေးဆောင်းပါး၊ "ကင်ညာတွင် လူမည်းတောခေါင်း အား သတ်သည့် မင်းမျိုးစုံးနွယ်ဖြစ်သူအား ထောင်ဒဏ်ရှစ်လ ပြစ်ဒဏ်ချမှတ်" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

# စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်မှာကြား

ရန်ကုန် မေ ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုန်အင်တာနေရှင်နယ်လီမိတက် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက ဧပါဒီမျိုးကောင်းမျိုးသန်းများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြကာ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။**

ယင်းနောက် ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၁)နှင့် (၂)တို့၌ မိုးဧပါဒီစိုက်ပျိုးရေးအတွက် မြေထွန်ယက်ပြီးစီးမှုနှင့် ဧပါဒီမျိုးခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၂) အကွက်(၂)ရှိ ရွှေဂါဒီမင်း ကုမ္ပဏီလီမိတက် စီမံကိန်းရှင်းလင်းဆောင်၌ စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်၌ လယ်မြေကော ၁၀၀၀၀ခန့်ကို မိုးစပါး အပြည့်အဝစိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက ဧရိယာ အချိန်မီ စိုက်ပျိုးရေးအတွက် မိုးစပါးကို ယခုအချိန်က စတင်စိုက်ပျိုးပြီး ဇွန်လ ကုန်တွင် ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် မြို့တော်ဝန်က မိုးစပါး စိုက်ပျိုးရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယပိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရွှေဂါဒီမင်းကုမ္ပဏီလီမိတက်၏လယ်မြေများထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

အစည်းအဝေးအပြီးတွင် ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေသည် လယ်မြေများ ထွန်ယက်နေမှုနှင့် မြေလွတ်မြေလပ်များ၌ ရာသီသီးနှံများ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယပိုလ်ချုပ်ကြီး မြင့်ဆွေသည် အထူးဇုန်(၂) အကွက် အမှတ်(၉)အနီးသို့ ရောက်ရှိပြီး ကွန်ကရစ် တံတားတည်ဆောက်ရန် အတွက် မြေထူးဖော်ထားရှိမှုကို ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဥပဒေရေးရာ ဆေးပညာရှင်များ လုပ်ငန်းခွင်ဝင်ရာ ဓာတ်ခွဲခန်းတစ်ခန်းကို တွေ့ရစဉ်။** (ဓာတ်ပုံ- အင်တာနက်)

## အင်တာနက် တရားဥပဒေရေးရာဆေးပညာ

# ပြစ်မှုကျူးလွန်သူ၏ မျက်နှာသွင်ပြင်ကို ဒီအင်္ဂါအနုပညာစနစ်သစ်ဖြင့် သရုပ်ဖော်နိုင်

**ချီကာဂို မေ ၂၆** ဘာသာပြန်-တက်လူ

မျိုးဗီဇ လက္ခဏာများပါရှိသော ဆဲလ်တွင်းရှိပစ္စည်း(ဒီအင်္ဂါအေ)ကို အသုံးပြုကာ ပြစ်မှုကျူးလွန်သူ၏ မျက်နှာပုံပန်းသဏ္ဌာန်ကို သရုပ်ဖော်နိုင်စေတော့ မည်ဖြစ်ကြောင်း တရားဥပဒေရေးရာ ဆေးသိပ္ပံပညာရှင်များ၏ လေ့လာချက် တစ်ရပ်တွင်ဖော်ပြထားသည်။

မှုခင်းဖြစ်ပွားရာနေရာမှ ရှာဖွေတွေ့ရှိရသော ဆံကေသာ အစိတ်အပိုင်းတစ်ခု (သို့မဟုတ်) လူအရေပြားတစ်စွန်းတစ်စ၏ ဒီအင်္ဂါအေကို ဖော်ထုတ်ကာ ပြစ်မှုကျူးလွန်သူ၏ မျက်နှာပုံပန်းသဏ္ဌာန်ကို ကွန်ပျူတာနည်းပညာဖြင့် ရေးဆွဲနိုင် တော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ကျင်းပသော သိပ္ပံပညာ ပြန့်တင်ရေးအသင်း၏ ညီလာခံသို့တင်သွင်းသည့် သုတေသန လေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။

ဒီအင်္ဂါအေကို အခြေခံကာ မျက်နှာပုံပန်းသဏ္ဌာန်ကို သရုပ်ဖော်နိုင်ခြင်းဖြင့် ရဲတပ်ဖွဲ့က မှုခင်းများကိုင်တွယ်ဆောင်ရွက်ရာတွင် နည်းပညာ၏ အကူအညီကို ရရှိမည်ဖြစ်သည်။

ယခုလောလောဆယ်ကာလတွင်မူ သက်ဘကင်းခံရသူထံမှ ရယူသော ဒီအင်္ဂါအေနမူနာကို မှုခင်းပေါ်ပေါက်လာရာနေရာမှ ရရှိသည့် ဆံကေသာကဲ့သို့သော ပစ္စည်း၏ ဒီအင်္ဂါအေနမူနာဖြင့် တိုက်ဆိုင်ကာ တရားခံအစစ်အမှန် ဟုတ်/မဟုတ် ဆုံးဖြတ်သည်။ ဤဖော်ပြပါနည်းလမ်းအရ တရားခံကိုဖော်ထုတ်နိုင်ရန် သက်သေ ခံရသူတစ်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားနိုင်ပြီးဖြစ်ရန် လိုအပ်သည်။

ပင်ဆယ်လ်ဇေးနီးယားပြည်နယ် တက္ကသိုလ်မှ သုတေသီများ၏ နည်းစနစ် သစ်အရှေ့ မှုခင်းပေါ်ပေါက်ရာနေရာမှ ရရှိသည့် ဆံကေသာ သို့မဟုတ် အခြေခံ အုပ်ငြိးအစ တစ်မျိုးမျိုး၏ ဒီအင်္ဂါအေကို သိရှိမှုဖြင့် တရားခံ၏ မျက်နှာပုံသဏ္ဌာန်ကို သရုပ်ဖော်နိုင်မည်ဖြစ်သည်။

တရားခံ၏ ဆံပင်အရောင်၊ မျက်စိအရောင်၊ မျက်နှာပေါ်တွင် မွဲ့ရှိမရှိ၊ အခြေခံအရောင် စသည်သတင်းအချက်အလက်များကို ဒီအင်္ဂါအေနည်းပညာအရ တိတိကျကျ သိလာနိုင်မည်ဖြစ်ကြောင်း သုတေသီမှာ်ရှရီဗာက ပြောကြားသည်။

**အင်တာနက်**

## MNL CUP GRAND ROYAL 2009

**❍နှစ်ပွဲဆက်မှ**

ကမ္ဘောဇ F.Cအသင်းမှာ ကွင်းလယ်နှင့် ရှေ့တန်း အပေးအယူ လုပ်ရာတွင် အမှားများစွာခဲ့ပြီး တိုက်စစ်မှူး များမှာလည်း Southern Myanmar F.C နောက်ခံလူများကို မကျော်နိုင်ခဲ့ပေ။ ၃၉မိနစ်တွင် ဘယ်တောင်ပံကစားသမား ထက်အောင်အနီးကပ်ကန်ခွင့်ရရှိ သော်လည်း ဂိုးမဝင်ခဲ့၍ ပထမပိုင်း အပြီးတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇ F.C အသင်းက စိုးမြတ်မင်းအစား စိုးမင်းဦးကို ထည့်ကာ တိုက်စစ်ပိုင်း အပြောင်းအလဲ လုပ်ခဲ့သလို Southern Myanmar F.C ကလည်း သရေရလဒ်ကို ထိန်းနိုင်ရန်အတွက် လူစားလဲမှုပြုလုပ်ကာ အားဖြည့် ခဲ့ သည်။ ယခု ပွဲ တွင် အကောင်းဆုံး ကစားသွားခဲ့သည်မှာ Southern Myanmar နောက်ခံလူများနှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ ဖြစ်ပြီး ကမ္ဘောဇတိုက်စစ်ကို ဟန့်တားကာကွယ်နိုင်ခဲ့ကြသည်။ ၄၈မိနစ်တွင် ဝင်းမင်းထွဋ်၏ အဝေးကန်ချက် ဘားတိုင် ထိထွက်သွား၍ ကမ္ဘောဇ နစ်နာခဲ့ရသည်။ ကမ္ဘောဇ F.C ကို အနိုင်သုံးမှတ် ရရှိသွားစေသည်မှာ ၈၃မိနစ်တွင် ပယ်နယ်တီ ကန်ခွင့် ရသွားခြင်းဖြစ်သည်။ ဂိုးမင်းဦး၏ ကန်သွင်းမှုမှာ Southern Myanmar F.C နောက်ခံလူ ဇော်ခါး၏လက်နှင့် ထိ၍ ရသွားခြင်းဖြစ်ပြီး ဝင်းမင်းထွဋ်က အမှား အယွင်းမရှိ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ ပြည်ဖြိုးအောင် (၇) Southern Myanmar F.Cကို Grand Royal မှ ငွေကျပ် ငါးသိန်း၊ အနိုင်ရရှိသွားသည့် ကမ္ဘောဇ F.C ကို ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၀သိန်း ချီးမြှင့်သည်။

**ပြောကြားသွား**

ကမ္ဘောဇ F.C နည်းပြချုပ် ဦးအေးမောင်ကြီးက "အသင်းတွင် လိုအပ်ချက်များရှိနေကြောင်း၊ ယနေ့ပွဲ အနိုင်ရရှိ၍ ကျေနပ်မိသော်လည်း အသင်းကို အားမရသေးကြောင်း၊ လာမည့်ပွဲများတွင် အသင်းကောင်းများနှင့် တွေ့ဆုံရမည် ဖြစ်၍ အသင်းကို ယခုထက် ပိုကောင်းအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

Southern Myanmar FC ၏ နည်းပြချုပ် ဦးကျော်တင့်က "အသင်း ကစားပုံကို ကျေနပ်ပါကြောင်း၊ တိုက်စစ်ပိုင်းတွင် ဖန်တီးပေးမှုများ တိကျလျှင် ဂိုးသွင်းခွင့်များ ယခုထက် ပိုမိုရရှိနိုင်မည် ဖြစ်ကြောင်း၊ အသင်းမှာ နှစ်ပွဲဆက် အရေးနိုင့်ခဲ့သော်လည်း ခြေကွာ၍ ရှုံးခဲ့ခြင်းမဟုတ်ကြောင်း၊ ပြိုင်ပွဲပြီးဆုံး လျှင် အဆင့် ၄-၅ နေရာများ ရရှိမည်ဟု ယုံကြည်ထားပါကြောင်း"ဖြင့် ပြောကြား ခဲ့သည်။

**၂၈-၅-၂၀၀၉**

**(အောင်ဆန်းကွင်း)**

Delta United -ဥသာယူနိုက်တက်

(ကြေးမုံ)

**ကမ္ဘောဇ F.C မှ ခင်မောင်လွင်၏ဂိုးသွင်းမှုကို Southern Myanmar F.Cဂိုးသမား ပြည့်ဖြိုးအောင်နှင့် နောက်ခံလူများ တားဆီးကာကွယ်စဉ်။**

# အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ အပေါ် စွဲဆိုထားသည့် အမှုများကို သတ္တမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၆

**အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့ သတ္တမနေ့အဖြစ် မွန်းလွဲပိုင်းတွင် စတင်နှုံးထိုင်ကာ ဖြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၇/၂၀၀၉မှ တရားခံ ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးသည်။**

ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏ဆန္ဒအလျောက် တရားခံအဖြစ် စစ်ဆေးရာ တရားခံ ဒေါ်အောင်ဆန်းစုကြည်က တရားရုံး၏ မေးမြန်းချက်များကို အောက်ပါအတိုင်းဖြေကြားထွက်ဆိုသည်-

မေး- ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမ(ခ) အငယ်လေးတို့သည် အတူတကွ နေထိုင်ပါသလား။

ဖြေ- အတူတကွနေထိုင်ပါသည်။ ကျွန်မအိမ်တွင်ဖြစ်ပါသည်။

မေး- ဒေါ်အောင်ဆန်းစုကြည်တို့ကို ကန့်သတ်မိန့် တားဆီးမိန့်နှင့် ဆက်လက်တားဆီးခိန်များကို ထုတ်ပြန်ထားပါသလား။

ဖြေ- ကျွန်မကိုတော့ ထုတ်ပြန်ထားပါသည်။

မေး- အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ၂၀၀၈ ခုနှစ် ခြင်္ကာဘာ ၃၀ ရက်က ဒေါ်အောင်ဆန်းစုကြည်၏အိမ်သို့ ရောက်ရှိလာပါသေးသလား။

ဖြေ- ရောက်ရှိလာသည်ဟုတော့ ပြောပါသည်။ ကျွန်မတော့ မမြင်ခဲ့ပါ။

မေး- အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် မေ့ရက်ညအချိန်ခိုတွင် အင်းလျားကန်အတွင်း ရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပါသလား။

ဖြေ- ကျွန်မနားလည်သလောက်မှာ မေ ၄ ရက် နံနက်တွင်မှ ရောက်ရှိလာပါသည်။

မေး- ဘယ်အချိန်ကို ရောက်ရှိလာပါသလဲ။

ဖြေ- ကျွန်မ မသိပါ။ နံနက် ၅ နာရီနီးပါးမှ ကျွန်မကိုလာရောက် သတင်းပို့ပါသည်။

မေး- မည်သူက သတင်းပို့ပါသလဲ။

ဖြေ- ဒေါ်ခင်ခင်ဝင်းက လူတစ်ယောက်ရောက်နေသည်ဟု ကျွန်မထံ သတင်းပို့ခြင်း ဖြစ်ပါသည်။

မေး- ထိုသူမှာ မည်သူဖြစ်ပါသလဲ။

ဖြေ- ထိုအချိန်ကတော့ ကျွန်မ မသိပါ။ နောက်ကျမှပဲ သိပါသည်။

မေး- ထိုသူမှာ အမေရိကန်နိုင်ငံသား Mr. John William Yettaw ဟုတ်ပါသလား။

ဖြေ- ဟုတ်ပါသည်။

မေး- Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိခိုန်ကတွင် သက်ဆိုင်ရာအဖွဲ့အစည်းများကို သတင်းပို့ခဲ့ပါသေးသလား။

ဖြေ- သတင်းမပို့ခဲ့ပါ။

မေး- ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် နေအိမ်တွင် Mr. John William Yettaw အား ဧည့်ခံကျွေးမွေး နေထိုင်စရာပေးခဲ့တယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ- ကျွန်မက ခေတ္တခိုလှုံခွင့်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

မေး- Mr. John William Yettaw ကို အိမ်အတွင်းတွင် ကျွေးမွေးခြင်း၊ လက်ခံစကားပြောခြင်း၊ ပေးသည့်စာနှင့် လက်ဆောင်ပစ္စည်းများကို လက်ခံစုဆုခဲ့ပါသလား။

ဖြေ- Mr. John William Yettaw နှင့် စကားပြောခဲ့ပါသည်။ စာနှင့် ပစ္စည်းများသည် Mr. John William Yettaw ကျန်ရစ်ခဲ့တာလား၊ ထားခဲ့တာလားဆိုသည်ကို ကျွန်မ မသိပါ။ ဘဲဒီကိုစွက်တော့Mr. John William Yettaw သာ သိမည်ဖြစ်ပါသည်။

မေး- Mr. John William Yettaw သည် မည်သည့်နေ့၊ မည်သည့်အချိန်တွင် ပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ- Mr. John William Yettaw သည် မေ ၅ ရက် ည ၁၁ နာရီ ၄၅ မိနစ်နှင့် ၁၂ နာရီအကြား ပြန်လည်ထွက်ခွာသွားပါသည်။

မေး- Mr. John William Yettaw သည် မည်သည့်လမ်းမှ ပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ- Mr. John William Yettaw သည် ရေကန်ဘက်သို့ သွားသည်ကိုသာ သိပါသည်။ မှောင်နေ၍ မည်သည့်လမ်းက သွားသည်ကိုတော့ ကျွန်မ မသိပါ။

မေး- ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ Mr. John William Yettaw ကျန်ရစ်ခဲ့သော ပစ္စည်းများကို ၃ဝတိယရဲမျှး တင်ဇော်ထွန်းတို့က လာရောက် သိမ်းဆည်းပါသေးသလား။

ဖြေ- Mr. John William Yettaw ကျန်ရစ်ခဲ့သော ပစ္စည်းများကို ၃ဝတိယရဲမျှး တင်ဇော်ထွန်းတို့က လာရောက်သိမ်းဆည်းသွားခြင်း မှန်ကန်ပါသည်။

မေး- Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိခိုန်ကတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှိပါသလား။

ဖြေ- ခြံအတွင်းမှာတော့မရှိပါ။ ခြံအပြင်မှာ ရှိ၊ မရှိသိပါ။

မေး- အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ဒေါ်အောင်ဆန်းစုကြည်၏ အိမ်အတွင်း၌ ဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်သွားပါသေးသလား။

ဖြေ- ကျွန်မ အိမ်ဝင်ရိုးစဉ်က ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်း ရှိ၊ မရှိမသိပါ။ ရုံးတော်ရွေ့ရောက်မှသာ ဓာတ်ပုံ၊ ဗီဒီယိုရိုက်သည်ဟု သိရှိရပါသည်။

မေး- ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကန့်သတ်မိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်ပါ အချက်အလက်များကို သိရှိပါသလား။

ဖြေ- ရေးသားထားသည့်အတိုင်း သိရှိပါသည်။

ထို့နောက် Mr. John William Yettaw အပေါ် စွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈/၂၀၀၉မှ စစ်ဆေးရန်ကျန်သော တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ အမှုစစ် ဒုတိယရဲမှူး သန်းစိုးကို ဆက်လက်စစ်ဆေးသည်။ အမှုစစ် ဒုတိယရဲမှူး သန်းစိုးက မိမိသည် ဗဟန်းရဲစခန်း (၁) ၃၀၂/၀၉ လုပ်ငန်းကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁) အမှုကို စုစမ်းစစ်ဆေးရန် မေ ၁၁ ရက်တွင် လက်ခံရရှိကြောင်း၊ ထို့နေ့တွင် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ကြောင်း၊ မေ ၁၂ ရက်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပြီး ဒုတိယရဲမှူး မောင်မောင်မြင့်နွဲ့ ဒုတိယရဲမှူး တင်ဇော်ထွန်းတို့ လွှဲပြောင်းပေးသော ရှာဖွေပုံစံများကို လက်ခံခဲ့ကြောင်း၊ ထိုနေ့တွင်ပင် ၎င်းအမှုနှင့် ဆက်စပ်၍ Mr. John William Yettaw၏ လက်ရေးနမူနာရယူပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းရမိခဲ့သော Mr. John William Yettaw၏ လက်ရေးများနှင့် တိုက်ဆိုင်စစ်ဆေးရန် မှူခင်းတပ်ဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ကြောင်း၊ ထို့နေ့တွင်ပင် Mr. John William Yettaw အား စစ်ဆေးခဲ့ကြောင်း၊ မေ ၁၃ ရက်တွင် သက်သေများကို ဆက်လက်စစ်ဆေးကြောင်း၊ ဒုတိယရဲမှူး စကျင်ဝင်း လွှဲပြောင်းပေးသော ရှာဖွေပုံစံနှစ်စောင်ကို အမှုတွင် ထည့်သွင်းတင်ပြခဲ့ကြောင်း၊ မေ ၁၄ ရက်တွင် Mr. John William Yettawအား အမှုဖြင့် ဖမ်းဆီးကာ ဗဟန်းရဲစခန်း စွဲချက်အမှတ် ၂၆၄/၀၉ လုပ်ငန်းကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း ထွက်ဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ ၂၇ ရက်နံနက် ၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)**

**AM / PM**

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဦးတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ "သစ္စာမသိလို့ သံသရာရှည်တာ"တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)

၇း၀၀ MRTV-4 သတင်း

၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ MRTV-4 **ရွှမ်သံဇာတ်လမ်းတွဲ "ရွှင်သန်လာသောနှလုံးသား" (အပိုင်း-၁၃)**

၈း၃၀ Industrial Talk

၉း၀၀ စေတနာအပေါင်း ခရောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ

၉း၂၅ ယုဇနဘက်စုံရိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပိလောပိန်)

၉း၃၅ တေးဂီတအစီအစဉ်

၉း၅၀ အရှိန်အဝါတောက်ပ မီးခြောင်းရဲ့ သဘာဝ

၁၀း၀၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Bravo)

၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၁၀း၄၅ စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ် (ရွှမ်းရိုးရာအစားအစာ)

၁၁း၀၅ ဗီဒီယိုပြခန်း

၁၁း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မြေရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)

၁၁း၅၀ စမ်းသပ်စိုက်ပျိုး ဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)

၁၂း၀၀ ရတနာစစ်တို့ရဲ့ ဘုမိနက်သန်

၁၂း၂၅ Activities In The City (ယဉ်ကျေးလိမ္မာ ကလေးတရားစခန်း)

၁၂း၄၅ သာသနာရောင်လွှမ်း. . . အေးချမ်းပါသည်. . . မြို့စဉ်ကူးဌာနီ

၁း၀၀ "သစ္စာမသိလို့ သံသရာရှည်တာ"တရားတော်
(ဆရာတော်ဘဒ္ဒန္တသောဘန)

၂း၀၀ MRTV-4 သတင်း

၂း၄၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်

၃း၀၀ စဉ်ဆက်မပြတ် ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ

၃း၁၅ ဓာတ်ပုံထဲမှ အမှတ်တရများ (စင်ဒီ၊ ကြိုးကြာ)

၃း၃၀ နှယ်ဆန်းထွင် ပန်းအလှဆင် [ထြဲဂံပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)]

၃း၅၅ နာတာရှည် ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ
(ဒေါက်တာစောနောင်)

၄း၁၅ တေးဂီတအစီအစဉ်

၄း၃၀ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းစေသည့် ခွစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း

၄း၄၀ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)

၄း၅၀ ယုဇနဘက်စုံရိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပိလောပိန်)

၅း၀၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Bravo)

၅း၂၀ စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ် (ရွှမ်းရိုးရာအစားအစာ)

၅း၃၅ Sports World (Champion League Goals)

၆း၀၀ MRTV-4 သတင်း

၆း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း

၆း၄၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်

၇း၀၀ Worlds of Knowledge (Jungle Underworld)

၇း၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ (စင်ဒီ၊ ကြိုးကြာ)

၈း၀၀ MRTV-4 သတင်း

၈း၁၅ သာသနာရောင်လွှမ်း. . . အေးချမ်းပါသည်. . . မြို့စဉ်ကူးဌာနီ

၈း၃၀ ဗီဒီယိုပြခန်း

၈း၅၅ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)

၉း၁၅ Sports World (Champion League Goals)

၉း၃၀ MRTV-4 **ရွှမ်သံဇာတ်လမ်းတွဲ "ရွှင်သန်လာသောနှလုံးသား" (အပိုင်း- ၁၃)**

၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၁၁း၄၅ Industrial Talk

၁၂း၁၅ စဉ်ဆက်မပြတ် ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ

၁၂း၃၀ နှယ်ဆန်းထွင် ပန်းအလှဆင် [ထြဲဂံပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)]

၁း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မြို့နှံVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Champion League Final** ဘောလုံးပွဲစဉ်

| ညှိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၂း၃၀ | Barcelona - Man U | ESPN (Live) |

# နိုင်ငံဝုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၁) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံဝုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၂၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပို့)**

မြင်းမူမောင်နိုင်ပိုး၊ မင်းမောင်နွယ် (မွန်ဌာန်)၊ မြတ်ဘုန်း(တပ်ကုန်း)၊ လေးဝိုး (ဒေးဒရဲ)၊ ချမ်းမြဆောင်း(ကလော)၊ အေးမြင့်အေး(တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မင်သန်းထိုက်(ဒေးဒရဲ)၊ ကြည်ထွန်း(ကျောက်ပန်းတောင်း)၊ စကူဆွေသစ်၊ ပုရစ်ဖူး(မင်းလှ)၊ ရွှေပြိုင်ပြုံးလှဲ မော်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဒေါက်တာဦးမောဘဏ်၊ ရွှေသဠာ၊ နေမျိုးသန့်၊ သာနိုင်အောင်(ကျိုက်မရော)၊ တက္ကသိုလ်သွင်သိရိ ဦးကျော်စိန်(မန္တလေး)၊ မောင်သာမန် (ဇီဇကုန်း)၊ ပန်းတောင်းသန်းကြွယ်၊ စစ်ကိုင်းစိမ်းစိမ်း၊ ဒေါက်တာနှင်းအေးဦငွေ့၊ ထွေးကြည်(သလွာဝတီ)၊ တင်ဝင်း(ပညာရေး)၊ မြန်မာ့အသံသိန်းဟန်၊ မောင်ကြည်သစ်ဦး၊ ပေါ်ဘွယ်မောင်အေး၊ ခင်ဇေ(စက်မှု)၊ မွေးငယ်ငယ်၊ မူးခင်(ရွှေပြည်သာ)၊ တက္ကသိုလ်စိုးယဉ်၊ အောင်ဇင်၊ စေတနာလှိုင်(ရေစကြို)၊ ပိုနေမြဲ(ဂက်လက်)၊ ရွှေဆယ်ထိပ်တင်လှိုင်၊ ယွန်းမြတ်မွန်းသွန်၊ ဇီးလွင်(ဝါးခယ်မ)၊ ကိုကြည်(လှိုင်သာယာ)၊ ဇီးစံ၊ စည်သူကျော်၊ ရွှေကိုဦး၊ မင်းဦး(ဒဿန)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗဟုစာဉာဉ်ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောလေ့ စာပန်းချီ၊ ကဗျာပန်းခုံရိပ်တို့ဖြင့် သုတ၊ ရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံဝုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၃၇၄၅၃၂ နိုင်ငံဝုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာ အတတ်သင်ရေ့ သစ္စာလမ်း ရန်ကုန်မြို့၊ ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများ အပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများ၌လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလ ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၃၁ ရက် (တနင်္ဂနွေ) နံနက် ၆ နာရီတွင် သန့်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်တွင်းရှိ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သတင်းစာစက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းကို ပြည့်ဆည်းပေးနိုင်တော့မည်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး
တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံ ဆိုင်းဘုတ်ဖ

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး
တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံတွင် ကြည့်ရှ

❍ **ရွှေဖုံးမှ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဝင်း၊ ဝန်ကြီးဦးအောင်သောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက စက်ရုံဆိုင်းဘုတ်ကို အဖွေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး၊ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ Chengda Company Chairman နှင့် အဖွဲ့ဝင်များ၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဦးအောင်သောင်းက တန် ၈၀ ကျ ထုပ်ပိုးစက္ကူ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် တန် ၅၀ကျ သတင်းစာ ပျော့ဖတ်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် စက်ရုံအတွင်း၌ ဝါးနှင့်သစ် ကုန်ကြမ်းများ စုဆောင်းထားရှိမှု၊ ဝါးနှင့် သစ်များကို ကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲနေမှုလုပ်ငန်းအဆင့်ဆင့်၊ တန်(၅၀) သတင်းစာပျော့ဖတ် ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်၊ သတင်းစာပျော့ဖတ်ထုတ်လုပ်သည့် သစ်အမျိုးအစားများ၊ သုံးစွဲသည့် ဓာတုပစ္စည်းများ၊ ထုတ်လုပ်သည့် ပျော့ဖတ်ချပ်များနှင့် သတင်းစာစက္ကူများ၊ ထုတ်လုပ်သည့် စက္ကူဖြင့် ရိုက်နှိပ်သော သတင်းစာများကို လည်းကောင်း၊ တန်(၈၀)ထုပ်ပိုးစက္ကူစက်၌ ထုပ်ပိုးစက္ကူလိပ်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ် ထွက်ရှိသော ထုပ်ပိုးစက္ကူလိပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ အောင်မြင်စွာထုတ်လုပ်ထွက်ရှိသည့် စက္ကူပေါ်၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များသည် ထုတ်လုပ်ထွက်ရှိလာသည့် စက္ကူပေါ်၌ မော်ကွန်းတင်လက်မှတ်များ ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံ(ရေနီ)ဆိုင်ရာ အချက်အလက်များ၊ စက်ရုံတည်နေရာ၊ ရည်ရွယ်ချက်၊ တစ်နှစ်အတွက် သတင်းစာပျော့ဖတ် လိုအပ်ချက်နှင့်ထုတ်လုပ်မှု၊ တစ်နှစ်အတွက် ထုပ်ပိုးစက္ကူ လိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ နိုင်ငံတော်၏ တစ်နှစ်အတွက် သတင်းစာစက္ကူ လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှု၊ သတင်းစာပျော့ဖတ် တန် ၅၀ နှင့် ထုပ်ပိုးစက္ကူ တန် ၈၀ တို့ကို နေ့စဉ် ထုတ်လုပ်နိုင်မည့် စက်စွမ်းအား၊ အဓိကကုန်ကြမ်းများဖြစ်သည့် သစ်မှ၊ ဝါး၊ ထုံးကျောက်၊ ကော့စတစ်ဆိုဒါ၊ ရေနှင့် လျှပ်စစ်လိုအပ်ချက်များ၊ မီးထိုးဆီ လိုအပ်ချက်၊ လူအင်အား လိုအပ်ချက်၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ထုတ်လုပ်မှုနည်းစဉ်၊ သစ်စိုက်ခင်း၊ ဝါးစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရေနံအမှတ်(၂)စက္ကူစက်ရုံ အဆင့်မြှင့်မည့် အစီအစဉ်နှင့် စက်ရုံများ၌ တပ်ဆင်ထားရှိသော စက်များ၊ ကုန်ကြမ်းနှင့် ထွက်ကုန်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဤစက်ရုံသည် ပြည်တွင်းရှိ သဘာဝ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သတင်းစာ စက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊

ယခုကဲ့သို့ စက်ရုံအလုပ်ရုံများတိုးချဲ့ တည်ဆောက်လာနိုင်သည်နှင့်အမျှ နယ်ဖြေဒေသဖွံ့ဖြိုး တိုးတက်လာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမှုဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်ညီစေရေးအတွက် စက်များစွမ်းအားပြည့်လည်ပတ်ရန်၊ လုပ်သားများကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အဖြည့်ဆည်းရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပိုင်စိုက်ခင်းများတွင် သစ်နှင့် ဝါးများကို စနစ်တကျ အကွက်ချပြီး စီမံစိုက်ပျိုးသွားရန်၊ မီးဘေးလုံခြုံရေး၊ လူပယောဂ ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်လုံခြုံရေးစသည့် စက်ရုံ၏ လုံခြုံရေးကို စနစ်တကျ

## တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံ

❑ တန်(၅၀)သတင်းစာ ပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံသည် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး၌ တည်ရှိပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို သစ်၊ ဝါး အခြေခံကုန်ကြမ်းများဖြင့် သတင်းစာပျော့ဖတ် တစ်နေ့လျှင် တန်(၅၀)၊ ထုပ်ပိုးစက္ကူ တစ်နေ့လျှင် တန်(၈၀)ထုတ်လုပ်နိုင်သည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့ ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ကြစဉ်။ (သတင်းစဉ်)



ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံတွင် စက်များ တပ်ဆင်ထုတ်လုပ်စဉ်။ (သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန ကျောင်းအပ်နှံရေးသီတင်းပတ် မေလ၏ နောက်ဆုံးသီတင်းပတ်

## ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

စက်မှုလုပ်ငန်း နှံ့ပြီးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရေနီအမှတ်(၂)စက္ကူစက်ရုံ တန် ၅၀ သတင်းစာပျော့ဖတ်နှင့် တန်(၈၀)ထုပ်ပိုးစက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❑ တရုတ်နိုင်ငံမှ

ပလတ်စတစ်အိတ် သုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သဖြင့် ကုန်ထုတ်ကုမ္ပဏီများ၊ စူပါမားကတ်များ၊ ဈေးဆိုင်များက ဈေးဝယ်များအား ပလတ်စတစ်အိတ်ကို အခမဲ့မပေးရန် အစိုးရကဥပဒေဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်မှာ ယခုအခါ တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံးဖြစ်သော တရုတ်နိုင်ငံ၌ ပလတ်စတစ်အိတ်အသုံးပြုမှုကို ပိတ်ပင်ခဲ့ခြင်း၏ ကောင်းကျိုးရလဒ်အဖြစ် ရေနံတန်ချိန် ၁၉သန ၆သန်းကို ချွေတာနိုင်ကြောင်း၊ ကုန်တိုက်များနှင့်စတိုးဆိုင်များအသင်း၏ လေ့လာချက်စစ်တမ်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်မှစ၍ ပလတ်စတစ်အိတ်အသုံးပြုမှုကို ပိတ်ပင်ခဲ့သည်။ ပလတ်စတစ်အိတ်ဟောင်းများသည် ရန်နှင့် ပြည်တွင်းမှ ပိုလျှံသော သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို ပြည်ပသို့ တင်ပို့ရောင်းချရန်ဟူသော ရည်ရွယ်ချက်များဖြင့် အမှတ်(၁)စက်မှု ဝန်ကြီးဌာန စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်း တောင်ငူခရိုင်ရေတာရည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီးဌာ တည်ရှိပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို သစ်၊ ဝါး အခြေခံကုန်ကြမ်းများဖြင့် သတင်းစာပျော့ဖတ် တစ်နေ့လျှင် တန်(၅၀)၊ ထုပ်ပိုးစက္ကူ တစ်နေ့လျှင် တန်(၈၀) ထုတ်လုပ်နိုင်သည်။

ဤစက်ရုံကို ပြည်တွင်းရှိသဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးပြုပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ နယ်မြေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများ ရရှိလာစေရန်၊ လူဦးရေတိုးတက်လာမှုနှင့်အညီ သတင်းစာအခန်းကဏ္ဍ မြင့်မားလာမှုကြောင့် လိုအပ်သောသတင်းစာစက္ကူအတွက် သတင်းစာပျော့ဖတ်ကို တွင်ကျယ်စွာထုတ်လုပ်အသုံးပြုရန်၊ ဘိလပ်မြေ စက်ရုံများ တိုးချဲ့တည်ဆောက်လာမှုကြောင့် ထုပ်ပိုးစက္ကူ လိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေး သည်အပြင် ပြည်တွင်းရှိ သဘာဝ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သတင်းစာ စက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအလုပ်ရုံများ တိုးချဲ့ တည်ဆောက်လာနိုင်သည်နှင့်အမျှ နယ်မြေဒေသဖွံ့ဖြိုး တိုးတက်လာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်ညီစေရေးအတွက် စက်များစွမ်းအားပြည့်လည်ပတ်ရန်၊ လုပ်သားများကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အမြဲပြည့်စုံနေစေရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပိုင်စိုက်ခင်းများတွင် သစ်နှင့် ဝါးများကို စနစ်တကျ အကွက်ချပြီး စီမံစိုက်ပျိုးသွားရန်၊ မီးဘေးလုံခြုံရေး၊ လူပေါ်ယောင်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်လုံခြုံရေးစသည့် စက်ရုံ၏ လုံခြုံရေးကို စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းတိုင်း ကိုယ်စီလိုက်နာရေး ပညာပေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စက်ရုံစီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် Chengda Company မှ Chairman တို့အား သစ်ထိခြင်းလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် Chengda Company မှ Chairman တို့က စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ကြသည်။

တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံသည် ပဲခူးတိုင်း တောင်ငူခရိုင်ရေတာရည် မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီးဌာ တည်ရှိပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများကို သစ်၊ ဝါး အခြေခံကုန်ကြမ်းများဖြင့် သတင်းစာပျော့ဖတ် တစ်နေ့လျှင် တန်(၅၀)၊ ထုပ်ပိုးစက္ကူ တစ်နေ့လျှင် တန်(၈၀) ထုတ်လုပ်နိုင်သည်။

ဤစက်ရုံကို ပြည်တွင်းရှိသဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးပြုပြီး သတင်းစာပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ နယ်မြေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများ ရရှိလာစေရန်၊ လူဦးရေတိုးတက်လာမှုနှင့်အညီ သတင်းစာအခန်းကဏ္ဍ မြင့်မားလာမှုကြောင့် လိုအပ်သောသတင်းစာစက္ကူအတွက် သတင်းစာပျော့ဖတ်ကို တွင်ကျယ်စွာထုတ်လုပ်အသုံးပြုရန်၊ ဘိလပ်မြေ စက်ရုံများ တိုးချဲ့တည်ဆောက်လာမှုကြောင့် ထုပ်ပိုးစက္ကူ လိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးသည်အပြင် ပြည်တွင်းရှိ သဘာဝ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး သတင်းစာ စက္ကူအတွက် ပျော့ဖတ်နှင့် ထုပ်ပိုးစက္ကူများထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအလုပ်ရုံများ တိုးချဲ့ တည်ဆောက်လာနိုင်သည်နှင့်အမျှ နယ်မြေဒေသဖွံ့ဖြိုး တိုးတက်လာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများတွင် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကိုက်ညီစေရေးအတွက် စက်များစွမ်းအားပြည့်လည်ပတ်ရန်၊ လုပ်သားများကျွမ်းကျင်ရေးနှင့် ကုန်ကြမ်းလိုအပ်ချက်များ အမြဲပြည့်စုံနေစေရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပိုင်စိုက်ခင်းများတွင် သစ်နှင့် ဝါးများကို စနစ်တကျ အကွက်ချပြီး စီမံစိုက်ပျိုးသွားရန်၊ မီးဘေးလုံခြုံရေး၊ လူပေါ်ယောင်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်လုံခြုံရေးစသည့် စက်ရုံ၏ လုံခြုံရေးကို စနစ်တကျ

ရေနီအမှတ်(၂)စက္ကူစက်ရုံ တန်(၅၀)သတင်းစာပျော့ဖတ်နှင့် တန်(၈၀) ထုပ်ပိုးစက္ကူစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အလွယ်တကူယုတ်စီးနိုင်ခြင်းမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သိမ်းနှိုင်ရန် ယင်းသို့ပိတ်ပင်ခြင်းဖြစ်သည်။

ပလတ်စတစ်အိတ် သုံးစွဲမှု၏ ဆိုးကျိုးများကို ပြည်သူတို့ သိရှိရန် တာဝန်ရှိသူများက ပညာပေး စည်းရုံးမှုများပြုလုပ်ခဲ့သဖြင့် ဈေးဝယ်များသည် အဖန်ဖန် အသုံးပြုနိုင်သော အိတ်များအား မိမိတို့နှင့် တစ်ပါတည်းယူဆောင်လာကာ ဝယ်ခြမ်းပြီး ပစ္စည်းများကို သယ်ဆောင်ကြကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ပလတ်စတစ်အိတ်များကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို အဖြူရောင်ညစ်ညမ်းမှု (White Pollution) ဟု တင်စားခေါ်ဝေါ်သည်။ ပလတ်စတစ်အိတ်အသုံးပြုမှုကို တစ်နှစ်ကြာမျှပိတ်ပင်ခဲ့ရာတွင် ပလတ်စတစ်အိတ် အရေအတွက် ဘီလီယံ ၄၀အထိ လျော့ချနိုင်သည်ဟု ဆို၏။

ယင်းပိတ်ပင်ချက်အရ သည်ဒသမ ၀၂အထူရှိ ပလတ်စတစ်အိတ်များကို ထုတ်လုပ်ခွင့်မပြု။ ပလတ်စတစ်အိတ်သုံးစွဲမှု ပိတ်ပင်ရေးအစီအစဉ်အရ တရုတ်နိုင်ငံတွင် ပလတ်စတစ်အိတ်အများဆုံး ထုတ်လုပ်ခဲ့သော စက်ရုံတစ်ရုံကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။ ***အင်တာနက်မှ***

## ဗိသုကာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ဗိသုကာအသင်းက စိစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၃/၀၉)ကို မေ ၃၀ ရက် (စနေနေ့) ညနေ ၃နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room ၌ ကျင်းပမည်ဖြစ်ရာ ဗိသုကာဦးရွှေက Forms for Myanmar (In Exhibition system on Bagan relics) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် Registered Architect များ မဖျက်မကွက်(မဖျက်မကွက်) တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉၈၄၆၃၅၀၀ နှင့် ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉၅၁၁၆၉၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ဗိသုကာ)

❖ **ကျောဖုံးမှ**

ယနေ့ ဒေါ်အောင်ဆန်းစုကြည်၏ အမှုကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်း/ပြည်ပမှ များစွာစိတ်ဝင်စားမှုများရှိနေကြပါကြောင်း၊ တစ်ဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သားအဖွဲ့ရာထူးမှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့အရ ဆောင်ရွက်ခဲ့ရသည်များ ရှိပါကြောင်း၊ ပုဒ်မ ၁၀(က)၊ ပုဒ်မ ၁၀(ခ)တို့၏ အကျိုးသက်ရောက်မှုများကို သိရှိနားလည်ကြသူများရှိသကဲ့သို့ အချို့ကလည်း ပြည့်ပြည့်စုံစုံ သိရှိနားလည်ကြခြင်း မရှိပါကြောင်း၊ ရှင်းရှင်းလင်းလင်းလည်း မသိကြပါကြောင်း၊ နားလည်မှု လွဲမှားနေခြင်းများလည်း ရှိနေကြပါကြောင်း၊ ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည် အမှုကိစ္စအတွက် လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေကြီး ဦးကြည်ဝင်းနှင့်အဖွဲ့ကို ဤကိစ္စများအတွက် ရှင်းလင်းပြောဆိုရန် ဖိတ်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း ရှေ့နေ ဦးလှမျိုးမြင့်တစ်ဦးတည်းသာ ရောက်ရှိလာပါသေးကြောင်း၊ ဦးဥာဏ်ဝင်း၊ ဦးကြည်ဝင်းနှင့် ဒေါ်ခင်ဌေးကြွယ်တို့ကို စောင့်ဆိုင်းနေရရင်း ရှင်းလင်းပွဲစတင်ရန် အချိန်လည်း အနည်းငယ်နောက်ကျနေပြီဖြစ်ပါသဖြင့် ရှင်းလင်းပွဲ စတင်တော့မည်ဖြစ်ပါကြောင်း။

ယနေ့ ရှင်းလင်းမှုကို သံတမန်ကြီးများ၊ ပြည်တွင်း/ပြည်ပ သတင်းထောက်များနှင့် ဧည့်သည်တော်အဖွဲ့ကလည်း သိရှိနားထောင်လိုပါကြောင်း တင်ပြထောင်းဆိုမှုများရှိလာခြင်းကြောင့် ခွင့်ပြုချက်ဖြင့် ယခုကဲ့သို့ လာရောက်နားထောင်စေခြင်းဖြစ်ပါကြောင်း၊ ဤရှင်းလင်းချက်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဝင်ဝင်ဆိုးဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အသေးစိတ် ရှင်းလင်းသွားမှာဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ သိရှိနားလည်ကြသူများရှိသကဲ့သို့ အပြည့်အဝ နားလည်မှုမရှိကြသေးသူများလည်း ရှိပါကြောင်း၊ မိမိအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ကိုယ်စား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သားအဖွဲ့ရာထူး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်ပြီး ရှင်းလင်းသွားမှာ ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သားအဖွဲ့ရာထူး ကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၃)ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သားအဖွဲ့ရာထူး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၇ အရ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခဲ့သည်(သို့) ပြုလုပ်နေသည်(သို့) ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိလျှင် အစိုးရအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်ပိန့် ချမှတ်နိုင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ၎င်းကိုယ်စား တာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဉာဏ္ဍအဖြစ် ဆောင်ရွက်သော ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း။

ဗဟိုအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အေးချမ်းသာယာရေးကို ထိပါးစေနိုင်မည့် အလားအလာရှိသည့်အတွက် ဥပဒေပုဒ်မ ၁၀(ခ)အရ ဗဟိုအဖွဲ့သည် နိုင်ငံတော်အား ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိပါကြောင်း၊ ဤသည်ကို ဇယားဖြင့်လည်း ရှင်းလင်းပြသထားပါကြောင်း-

(က) ပုဒ်မ ၁၀(က)အရ အနေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀)ထက် မပိုစေဘဲ စုစုပေါင်း ရက်(၁၈၀)အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း။

(ခ) ပုဒ်မ ၁၀ (ခ)အရ အနေးယူခြင်းခံရသူအား တစ်နှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။

**အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ -**

(က) ပုဒ်မ ၁၀(က) မှာ -

(၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(က)အရ အနေးယူခြင်းခံရသူအား ပုဒ်မ ၁၀(က)ပါ ကာလအပိုင်းအခြားထက်ကျော်လွန်၍ ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန် လိုအပ်ပါက ပုဒ်မ ၁၂ အရ အစိုးရအဖွဲ့ထံ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က)နှင့် ပုဒ်မ ၁၀ (ခ)တို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

(၂) ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့သည် ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄ အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀(ခ) မှာ -

(၁) ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(ခ)အရ အနေးယူခြင်းခံရသူအား ဆက်လက် တားဆီးမှုပြုလုပ်ရန် လိုအပ်ပါက ပုဒ်မ ၁၃ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(၂) အစိုးရအဖွဲ့သည် ဆက်လက်တားဆီးမှုပြုလုပ်ရန် ကြိုတင်ခွင့်ပြုချက်ကို ပုဒ်မ ၁၄ အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း (၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ဗဟိုအဖွဲ့အနေဖြင့် ကန့်သတ်မိန့်ကို ပြန်လည်သုံးသပ်သည့်အခါ ဖမ်းဆီးချုပ်နှောင်မိန့်(သို့) တားဆီးမိန့်ကိုလည်း ပြန်လည်သုံးသပ်ပြီး အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်ခွင့်ရှိပါကြောင်း-

(က) လုပ်ထုံးလုပ်နည်းအပိုဒ် ၄(ခ)အရ ထိပါးအန္တရာယ်ဖြစ်စေမည့်အကြောင်းနှင့် ပတ်သက်၍ အထောက်အထားများ ပိုမိုခိုင်လုံစွာ ရရှိလျှင် မူလကန့်သတ်မိန့်ကို လိုအပ်သလိုပြင်ဆင်ပြီး တားဆီးမိန့်အစား ဖမ်းဆီးချုပ်နှောင်မိန့်ကို ထုတ်ပြန်နိုင်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၄(ဂ)အရ မူလကန့်သတ်မိန့်ကို ပြင်ဆင်သည်ဖြစ်စေ၊ မပြင်ဆင်သည်ဖြစ်စေ ဖမ်းဆီးချုပ်နှောင်မိန့်ကို ပယ်ဖျက်၍ ယင်းအစား တားဆီးမိန့်ကို ထုတ်နိုင်ပါကြောင်း၊

(ခ) သို့ဖြစ်၍ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀(က)မှ ပုဒ်မ ၁၀(ခ)သို့လည်းကောင်း၊ ပုဒ်မ ၁၀(ခ)မှ ပုဒ်မ ၁၀(က)သို့လည်းကောင်း ပြောင်းလဲနိုင်ခွင့်ရှိပါကြောင်း၊

ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)အရ ပြည်ထဲရေးဗဟိုအဖွဲ့၏ အမိန့်နှင့် ၃၁-၅-၂၀၀၃ ရက်နေ့တွင် ကန့်သတ်မိန့်ချမှတ်ပြီး ၂၇-၁၁-၂၀၀၃ ရက်နေ့အထိ တစ်ကြိမ်လျှင် ရက်ပေါင်း (၆၀)ဖြင့် သုံးကြိမ် ရက်ပေါင်း (၁၈၀)ကို ဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ထားစဉ် ၁၇-၉-၂၀၀၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသမီးရေဂါ ဖြစ်ပွားသည့် အတွက် စမ်းခွောင်မြို့နယ် ဗဟိုလမ်းရှိ အာရှဒေတာဝင်ဆေးခန်းသို့ တင်ပို့ကုသပေးခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေးကောင်းမွန်လာပြီး ၂၆-၉-၂၀၀၃ ရက်နေ့တွင် အာရှဒေတာဝင်ဆေးခန်းမှဆင်းခဲ့ရာ နိုင်ငံတော်အနေဖြင့် လူမှုရေးစာနာထောက်ထားမှုဖြင့် တတ္တသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ပို့ဆောင်ပြီး ပုဒ်မ ၁၀(က) ဖမ်းဆီးချုပ်နှောင်မှုကာလ ကုန်ဆုံးသည့် ၂၇-၁၁-၂၀၀၃ ရက်နေ့အထိ နေထိုင်စေခဲ့ပါကြောင်း။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို ထိပါးစေနိုင်မည့် အလားအလာရှိသည့်အတွက် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးမှုပြုလုပ်ရန် လိုအပ်ခြင်းကြောင့် ဗဟိုအဖွဲ့၏ အခွင့်အာဏာဖြင့် သုမ၏နေအိမ်မှာပင် ၂၈-၁၁-၂၀၀၃ ရက်နေ့မှ ၂၇-၁၁-၂၀၀၄ ရက်နေ့အထိ (၁)နှစ် ကန့်သတ်တားဆီးခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် အထက်ကရှင်းလင်းပြဆိုခဲ့သည့်အတိုင်း လုပ်ထုံးလုပ်နည်းအပိုဒ် ၄(ဂ)အရ ပုဒ်မ ၁၀(ခ)သို့ ပြောင်းလဲနိုင်သည့်အခွင့်အာဏာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊

ဗဟိုအဖွဲ့၏ အခွင့်အာဏာ ကုန်ဆုံးပြီးသည့်နောက် ဆက်လက်တားဆီးရန် လိုအပ်သည့်အတွက် ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း-

(က) (၂၈-၁၁-၂၀၀၄)ရက်နေ့မှ (၂၇-၁၁-၂၀၀၅)ရက်နေ့အထိ ပထမအကြိမ် (၁)နှစ်။

(ခ) (၂၈-၁၁-၂၀၀၅)ရက်နေ့မှ (၂၇-၅-၂၀၀၆)ရက်နေ့အထိ ဒုတိယအကြိမ် (၆)လ။

(ဂ) (၂၈-၅-၂၀၀၆)ရက်နေ့မှ (၂၇-၅-၂၀၀၇)ရက်နေ့အထိ တတိယအကြိမ် (၁)နှစ်။

(ဃ) (၂၈-၅-၂၀၀၇)ရက်နေ့မှ (၂၇-၅-၂၀၀၈)ရက်နေ့အထိ စတုတ္ထအကြိမ် (၁)နှစ်။

(င) (၂၈-၅-၂၀၀၈)ရက်နေ့မှ (၂၇-၅-၂၀၀၉)ရက်နေ့အထိ ပဉ္စမအကြိမ် (၁)နှစ်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၄ တို့အရ ဆက်လက်တားဆီးရန် အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်ဖြင့် စုစုပေါင်း (၄)နှစ် (၆)လ တားဆီးခဲ့ပြီးဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူပြီး တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမှု ပြုလုပ်နိုင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို တည်ဆဲဥပဒေအရ နောက်ထပ် (၆)လ ဆက်လက်တားဆီးထားနိုင်ခွင့်ရှိပါကြောင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဗဟိုအဖွဲ့အနေဖြင့် အခွင့် အာဏာအရ တားဆီးကာလ တစ်နှစ်အပြင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ(၅)နှစ်အထိ ဆက်လက်တားဆီးနိုင်ရန် ထုတ်ပြန်နိုင်ပါကြောင်း၊ လက်ရှိအခြေအနေမှာ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၂၈-၅-၂၀၀၈ ရက်နေ့မှ စတင်ခဲ့သည့် (၁)နှစ် ဆက်လက်တားဆီးခံနိုင်သည့် ၂၇-၅-၂၀၀၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဆက်လက် တားဆီးကာလအားဖြင့် (၄)နှစ် (၆)လ ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ ဗဟိုအဖွဲ့သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် (၅)နှစ်ပြည့်အောင် နောက်ထပ်(၆)လ ဆက်လက်တားဆီးနိုင်သေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြေးဆောင် ပိုလ်ချုပ်အောင်ဆန်း၏သမီးလည်း ဖြစ်နေသည်ကို ထောက်ထားပြီး အလေးအနက် စဉ်းစားနေခဲ့ကြတွင် မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr. John William Yettaw ကို (၂)ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်း စသည့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းသည် တည်ဆဲဥပဒေခွင့် ပြုထွန်းနေခြင်းကြောင့် မလွဲမရှောင်သာ ဝမ်းနည်းစွာဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ရခြင်းဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဥပဒေခွင့်အညီ ခုခံပိုင်ခွင့်ရှိပြီး ရှေ့နေရွေးချယ်ခွင့်များကိုလည်း ဌားရမ်းဆောင်ရွက်ခွင့်ပေးထားပါကြောင်း၊ ထို့အပြင် လူမှုရေးအရ ထောက်ထားညှာတာသောအားဖြင့် နိုင်ငံတော်အနေဖြင့် သူမ၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ နေ့ရေးထိုင်ရေး စားရေးသောက်ရေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ထားလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နံနက် ၈ နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သားအဖွဲ့ရာထူးမှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (က)နှင့် ပုဒ်မ ၁၀(ခ) တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲ ကျင်းပပြီးစီးသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ သတ္တမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာရာ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွဲ့ဖြိုးမှုအစီအစဉ် ဌာနကိုယ်စားလှယ်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ပြို့နယ်များမှ ကိုယ်စားလှယ်များ လာရောက်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)


## ဥာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ဥာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စိုစွတ်သောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

**၁။ ဥာနာလျှာနာရောဂါ**

- ဥာနာလျှာနာ ဝိုင်းရပ်စိပ်ပိုးကြောင့်ဖြစ်ပွားသည်။
- ကျွဲ၊နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် အိမ်မွေးသာမက တောရိုင်းခွာကွဲတိရစ္ဆာန်များတွင်ပါ ဖြစ်ပွားနိုင်သည်။
- ကူးစက်မှုမြန်ဆန်ပြီး တိရစ္ဆာန်ငယ်များတွင် သေဆုံးသည်အထိ ပြင်းထန်သည်။
- ခိုင်းကျွဲ၊ နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျော့ခြင်း၊ နို့ထွက်နှုန်းလျော့ကျခြင်း၊ သားမအောင်ခြင်း၊ မြံခြင်း ဖြစ်စေသည်။

**၂။ ရောဂါလက္ခဏာများ**

- ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲငေးမို့ငိုင်နေခြင်း။
- သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများဖြစ်ပေါ်ခြင်း။ အရည်ကြည်ဖုများ ပေါက်ကွဲကာ အနာများဖြစ်လာခြင်း။
- ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။
- ခြေထောက်နာပြီး လမ်းကောင်းစွာမလျှောက်နိုင်ခြင်း။
- ဝက်များတွင် နှာဖျား၊ နို့အုံ၊ နို့သီးခေါင်းနှင့် ခွာတွင် အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။

**၃။ ရောဂါကူးစက်ပုံနှိုးခြင်း**

- ရောဂါဖြစ်နေသော တိရစ္ဆာန်များသာမက ရောဂါလက္ခဏာမပြဘဲ ရောဂါကူးစက်ထားသည့် တိရစ္ဆာန်များ၏ တံတွေးနှာရည်ဆီး၀မ်းသွေး၊နို့ရည်၊အနာဖေးအနာသားနဲ့ရည်နှင့် စားမြံု့ဖတိတို့တွင် ရောဂါပိုးပါနိုင်သည်။
- ဥာနာလျှာနာရောဂါပိုး သို့မဟုတ် ရောဂါပိုးပါရှိသည့် အညစ်အကြေး စွန်းပေနေသောပစ္စည်းကို တစ်နည်းနည်းဖြင့် စားမိ၊ ရှူမိ၊ ထိတွေ့မိသော ခွာကွဲတိရစ္ဆာန်အား ရောဂါကူးစက်နိုင်သည်။
- ရောဂါဖြစ် တိရစ္ဆာန်နှင့် တိုက်ရိုက် နီးကပ်ဆက်စပ်မှုမရှိသော်လည်း ရောဂါဖြစ် တိရစ္ဆာန်၏ အညစ်အကြေးများ ပေစွန်းနေသောပစ္စည်းများ(အသား၊ သွေး၊ ကလီစာ၊ သားရေ၊ စပါးခွံ၊ ကောက်ရိုး၊ လှည်း၊ ဆိုင်ကယ်၊ ကား၊ အဝတ်အစား၊ ဖိနပ်)တွင် ရောဂါပိုးကပ်ငြိပါရှိနိုင်သဖြင့် ယင်းတို့ပွတ်စဆင့်လည်း ရောဂါကူးစက်ပုံနှံ့နိုင်သည်။

**၄။ ရောဂါကာကွယ်ခြင်း**

- ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးပေးနိုင်သည်။
- ပထမအကြိမ်ထိုးပေးပြီး နှစ်ဝက်မှ လေးဝက်အတွင်း ဒုတိယအကြိမ် ထပ်ထိုးပေးရန်နှင့် ၎င်းနောက် ခြောက်လ တစ်ကြိမ် ပုံမှန်ထိုးပေးရန်လိုအပ်သည်။
- ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်သည်။

**၅။ ရောဂါထိန်းချုပ်ခြင်း**

- ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားပါ။ လွတ်ကျောင်းခြင်း၊ အခြား နေရာသို့ မောင်းနှင်ရွေ့ပြောင်းခြင်း မပြုပါနှင့်။
- ရောဂါဖြစ်တိရစ္ဆာန်၏တံတွေးနှာရည်ဆီး၀မ်း စသည်များနှင့် အစာအကြွင်းအကျန်များကို သီးခြားစုပုံပြီး ထုံးဖြူခြင်း၊ မြှုပ်နှံခြင်း၊ မီးရှို့ခြင်း စသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပါ။ ဖြိန့်နှင့် ဖြိုပတ်ဝန်းကျင် ထုံးဖြူးပိုးသတ် သန့်စင်ပါ။
- ရောဂါဖြစ်တိရစ္ဆာန်အား ကျွေးမွေးမြူရေးဖြင့်ကို ဖြစ်နိုင်ပါက လူတစ်ဦးတည်းမှ ဆောင်ရွက်ပါ။ လုပ်ငန်းဆောင်ရွက် ပြီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေ၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြော သန့်စင်ပါ။
- မိမိကျေးရွာ သို့မဟုတ် ကျေးရွာဝန်းကျင်တွင် ရောဂါဖြစ်ပွားနေပါက မိမိ၏တိရစ္ဆာန်ကို လွတ်မကျောင်းဘဲ မိမိအိမ်ခြံအတွင်း ချည်နှောင်ထားပါ။

**၆။ ရောဂါကုသခြင်း**

- ကျောက်ချဉ် နှစ်ကျပ်သားကို ရေငုတ်ပျောဖူးပုလင်း တစ်ပုလင်းနှင့် ဖျော်ထားသောဖျော်ရည်ဖြင့် လျှာကို တစ်နေ့ ၄ကြိမ် သုတ်လိမ်းပေးပါ။
- ခွာအနာကို ဖန်ရည်ဆေး၍ ဆေးကတ္တရာကို အနာထဲ၀ယ်အောင်သုတ်လိမ်းပေးပါ။

**၇။ ပူးပေါင်းဆောင်ရွက်ခြင်း**

- ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာသတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

**မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာန**

## အားကစားပစ္စည်းများ ပေးအပ်

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းထံ ပဲခူးတိုင်း အတွက် အားကစားပစ္စည်းများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပေးအပ်စဉ်။**

(အား/ကာ)

## အားကစားဝန်ကြီးဗလား အသက်(၁၉)နှစ်အောက် (လူသစ်တန်း) ဘောလုံးပြိုင်ပွဲဝင်မည့် အသင်းများအား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၆

**၂၀၀၉ ခုနှစ် (၁၀)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် (လူသစ်တန်း) ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းများအားကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို မေ ၂၃ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့ တိုင်းအားကစားခန်းမ၌ကျင်းပရာ ရွှေဥင်္ဇင်စွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းသို့ အားကစားပစ္စည်းများပေးအပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်းနှင့် ပဲခူးခရိုင်သာယာ ဝတီခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့မှ တာဝန်ရှိသူများက လက်ခံကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ညနေ ၃ နာရီတွင် ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပသော ၂၀၀၉ ခုနှစ် (၁၀)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့် တိုင်းအသက်(၁၉)နှစ်အောက် (လူသစ်တန်း)ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ၃နှစ် ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းများမှ အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ အဖွင့်သီချင်း
၆း၁၀ ၃။ မျိုးချစ်တပ်မတော်
၆း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိန်းဝင်
၇း၄၅ ၆။ မြန် မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အနေ့၊အတီး ပြိုင်ပွဲအစီအစဉ်
၈း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၉း၅၅ ၈။ အမျိုးသားနေ့ တေးကဗျာ
၉း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၉း၁၀ ၁၀။ အမျိုးသားနေ့တေးကဗျာ
၉း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၉း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားနေ့တေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အနေ့၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကုန်းမကြီးခိုင်မိုးခိုင်
၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၁၂။ နိုင်ငံတကာသတင်း
၆း၄၀ ၁၃။ အမျိုးသားနေ့တေးကဗျာ
၆း၃၀ ၁၄။ လှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၅။ **ကာတွန်းအစီအစဉ်** - ပြိုင်ကားလေးဇော်ပါ အပိုင်း (၁)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ကြီးမြတ်သူတို့ နှလုံးသား (အပိုင်း-၅၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားနေ့တေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - နတ်ဆေးရှင် သိုင်းမောင်နှံ (အပိုင်း-၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## ကြည့်ရှုစံဆေး

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကလင်းတောကျေးရွာအနီးရှိ လျှိုင်သာယာ-အသုတ် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် (ကလင်းတော) တာဝါတိုင်များ ပြောင်းရွှေ့စိုက်ထူခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(အမှတ်-၂ လျှပ်စစ်)

## မဟာဓာတ်အားလိုင်း တာဝါတိုင်များ ပြောင်းရွှေ့စိုက်ထူ

**ရန်ကုန် မေ ၂၆**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကလင်းတောကျေးရွာအနီးရှိ လျှိုင်သာယာ-အသုတ် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် (ကလင်းတော) တာဝါတိုင်များ ပြောင်းရွှေ့စိုက်ထူခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရှင်းလင်းပြောကြား

**ရန်ကုန်တိုင်းတရားသူကြီး ဦးမြင့်အောင် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်းတရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။** (သတင်း-မော်ပြပြီး)

(သတင်းစဉ်)

## ဘတ်စကက်ဘောအားကစားနည်း လေ့ကျင့်ရေးနှင့် ပြိုင်ပွဲကျင်းပရေး အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၆**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် ဘတ်စကက်ဘောအားကစားနည်း လေ့ကျင့်ပြိုင်ပွဲဝင်ရေးညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ ဥက္ကဋ္ဌပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း တက်ရောက်ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဘတ်စကက် ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အတွင်းရေးမှူး ဦးမောင်မောင်မြင့်တို့က ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဘတ်စကက်ဘော အားကစားနည်း လေ့ကျင့်ရေးနှင့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများတွင် ဘတ်စကက်ဘော အားကစားနည်းလေ့ကျင့်ရေးနှင့် ပြိုင်ပွဲကျင်းပစီစဉ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၂၆

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ ခေတ္တဌာနေကိုယ်စားလှယ်တို့ စုစုပေါင်း ၄၅ ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက် ၁၅ ဦး၊ ပြည်တွင်းကျနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် ၁၀ ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ် ၂၀ နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် တရားရုံးချုပ်ရှေ့နေ ဦးလှမျိုးမြင့်တို့အပါအဝင် စုစုပေါင်း ၉၁ ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းပွဲသို့ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ငြိမ်းနှင့် မဝင်းမမတို့အတွက် လိုက်ပါဆောင်ရွက်နေကြသည့် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဥာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့အား တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။

ဦးကြည်ဝင်းမှာ နံနက် ၇ နာရီ ၃၂ မိနစ်တွင် အကျဉ်းဦးစီးဌာန ဂိတ်ဝသို့ ဦးလှမျိုးမြင့်နှင့်အတူ ရောက်ရှိလာသော်လည်း အမှုစစ်ဆေးရန် ရှိသည်ဟုဆိုကာ ပြန်ထွက်သွားခဲ့သည်။

ဦးကြည်ဝင်း၊ ဦးဥာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့အနက် ဦးလှမျိုးမြင့်တစ်ဦးတည်းသာ ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပဏာမရှင်းလင်းပြောကြားရာ၌ **စာမျက်နှာ ၁၀ကော်လံ ၁သို့❖**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့် ပတ်သက်၍ ရှင်းလင်းပွဲတွင် ပဏာမ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေခိုန်များ

**(၂၆-၅-၂၀၀၉)**

**မောင်တော**

**၆ ဒသမ ၄၉ လက်မ**

**ပလက်ဝ**

**၆ ဒသမ ၀၆ လက်မ**

## နှစ်ပွဲဆက်အနိုင်ရပြီး ကမ္ဘောဇအသင်း အမှတ်ပေးဇယားကို ဦးဆောင်

**MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကိုယ်စားပြု Southern Myanmar F.C နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုယ်စားပြု ကမ္ဘောဇ F.C တို့သည် ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇ F.C က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

**ကမ္ဘောဇ F.C - တစ်ဂိုး**
**(ဝင်းမင်းထွဋ် - ပယ်နယ်တီ)**
**Southern Myanmar -ဂိုးမရှိ**
**အကောင်းဆုံးဆု-ပြည်ပြိုးအောင်**
**(ဂိုး) (Southern Myanmar)**
**ဝိုင်လူကြီး - ဦးဝင်းကျော်ဦး**

ဥသာယူနိုက်တက်ကို သုံးဂိုး ကမ္ဘောဇမှာ ယခုပွဲ အနိုင်ရလဒ်ပြတ်ဖြင့် အနိုင်ရရှိပြီး နိုင်ပွဲစတင် ကြောင့် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်ဖြင့် ရရှိထားသည့် ကမ္ဘောဇမှာ ယခုပွဲ ရာနှုန်းပြည့် နိုင်ပွဲရရှိသွားပြီး တွင် အကောင်းဆုံးခြေစွမ်း အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ထုတ်မပြနိုင်ခဲ့သော်လည်း ပယ်နယ် ရသွားသည်။ Southern Myanmar F.Cအသင်းမှာ ကမ္ဘောဇ F.C တီဂိုးဖြင့် အနိုင်ရရှိသွားသည်။

**Southern Myanmar F.C နောက်ခံလူ နှစ်ဦးကြားမှ ကမ္ဘောဇ F.C တိုက်စစ်မှူး စိုးမြတ်မင်း ကျော်ဖြတ်စဉ်။**

## သတင်းနှင့်ဓာတ်ပုံ စိုးညွှန့်(ကြေးမုံ)

တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၈၀ကျော်မှသာ လက်ထိဘောမှတစ်ဆင့် ပယ်နယ်တီပေးရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### မကျော်လွှားနိုင်

ကမ္ဘောဇမှာ ဥသာယူနိုက်တက်ကို ဂိုးပြတ် အနိုင်ရခဲ့သည့် လူစာရင်းမှ စိုးမင်းဦးနေရာတွင် ပြိုးမောင်မောင်ကျော်ကို ထည့်ကစားသည်မှလွဲ၍ စိုးမြတ်မင်း၊ ခင်မောင်လွင်၊ အေးဆန်း၊ ဝင်းမင်းထွဋ်တို့ဖြင့် လူစုံထုတ်ကစားခဲ့သည်။ ကမ္ဘောဇအသင်းမှာ အမာခံကစားသမားများ ပါဝင်သော်လည်း Southern Myanmar F.C ကို ခြေအသာဖြင့် ကစားနိုင်ခြင်းမရှိဘဲ Southern Myanmar ခံစစ်ပိုင်းကို ကျော်လွှားနိုင်ခြင်းမရှိခဲ့ပေ။

**စာမျက်နှာ ၆ ကော်လံ ၁ သို့❍**

## ကြေးမုံ အင်တာနက်သတင်းစာဝယ်ဝန်းကျင်သတင်း ဘာသာပြန် - စံစံ

**ပလတ်စတစ်အိတ်သုံးစွဲမှုကို လျှော့ချရန် တိုက်တွန်းနှိုးဆော်သည့်အနေဖြင့် လက်ဆွဲအိတ်များပေါ်၌ "ကျွန်တော်ပလတ်စတစ်အိတ် မဟုတ်ပါ" ဟူသောစာတန်း ရေးထိုးထားသည်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်နိုင်ငံ၌ ပလတ်စတစ်အိတ်သုံးစွဲမှု တစ်နှစ်အတွင်း သုံးပုံနှစ်ပုံအထိလျော့ကျ

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံတွင် ပလတ်စတစ်အိတ်သုံးစွဲမှုကို ကန့်သတ်ပိတ်ပင်ခဲ့ပြီးနောက် တစ်နှစ်အကြာကာလ၌ နိုင်ငံတစ်ဝန်းတွင် ပလတ်စတစ်အိတ်အသုံးပြုမှု သုံးပုံနှစ်ပုံအထိ လျော့ကျသွားကြောင်း ကုန်တိုက်များနှင့် စတိုးဆိုင်များအသင်း၏ လေ့လာချက်ကို ကိုးကားလျက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့❑**